မြန်မာ့အလင်း

၁၂၇၆ ခုနှစ်တွင် တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်နေ့ ၂၀၂၆ ခုနှစ်၊ မေ ၃၀ ရက်၊ စနေနေ့ အတွဲ (၆၅)၊ အမှတ်(၂၃၇)

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

“လူငယ်များဘဝထက်မြက်ဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံကြပါစို့”

ပညာ

ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ဒုတိယသမ္မတ ဦးညီစော (၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည်အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်အပေါ်၊ (၁၀၀) တို့အား ချီးကျူးပူဇော်ပွဲနှင့်အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆန္ဒသင်္ဂီယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စစ်စစ်အေး အမှူးပြုသော ဧည့်ပရိသတ်များက ဟသံတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ

စာမျက်နှာ ၃ ကော်လံ ၁ ▲

မိုးတိမ်တောင်များဖြစ်ထွန်းမှုကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန်

နေပြည်တော် မေ ၂၉

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/၈လ

ယနေ့ ဖတ်စရာ

အစိမ်းရောင် လမ်းမများ ဆီသို့ EV ကားဖြင့် ချီတက်ရာဝယ်

ဆောင်းပါး စာ ၆

ကျန်းမာသောလူထု သာယာသောလူဘောင် တိုးတက်သော နိုင်ငံတော်

ဆောင်းပါး စာ ၁၀

မြန်မာကျောင်းသားလူငယ်များကို မြောက်ဝင်ရိုးစွန်းသို့ အခမဲ့(၁၀)ရက်ကြာ သိပ္ပံလေ့လာရေးခရီးစဉ် သွားရောက်ခွင့်ရမည့် “Icebreaker of Knowledge 2026” ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

ပြည်တွင်းသတင်း စာ ၁၃

အမြင့်ဆုံး နေ့အပူချိန်များ (၂၉ - ၅ - ၂၀၂၆)

ခန္ဓီးမြို့	၃၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦးမြို့	၃၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ကလေးဝမြို့	၃၆	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
မော်လိုက်မြို့	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ရေဦးမြို့	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ကလေးမြို့	၃၅	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
မြစ်ကြီးနားမြို့	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
မင်းဘူးမြို့	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ဟူမ္မလင်းမြို့	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မိုးညှင်းမြို့	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်

နာမည်ရရှိပြီးသည့် မြန်မာ့ကော်ဖီ ဈေးကွက်လိုအပ်ချက်အမီ ထုတ်လုပ်တင်ပို့

ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်ကော်ဖီခွက်ရေ သန်းပေါင်း ၂၆၀၀ သောက်သုံးနေကြသည်ဟု ကမ္ဘာ့ကျန်းမာရေးသူတို့က ခန့်မှန်းထားကြသည်။ ကော်ဖီသည် ကမ္ဘာပေါ်တွင် ရေပြီးလျှင် သောက်သုံးမှု ဒုတိယ အများဆုံးဖြစ်သကဲ့သို့ ရေနံပြီးလျှင် ဒုတိယကုန်သွယ်မှု အများဆုံး ကုန်ပစ္စည်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကော်ဖီဈေးကွက်၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၀၂ ဘီလီယံ တန်ဖိုး ရှိပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း နှစ်စဉ်တိုးတက်မှုနှုန်း ၄ ဒသမ ၂၈ ရာခိုင်နှုန်းသို့ ရောက်ရှိလာမည်ဟု ခန့်မှန်းထားကြသည်။

ကမ္ဘာပေါ်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှု အများဆုံးနိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှမှ ဗီယက်နမ်က ဒုတိယလိုက်သည်။ ယခုနှစ်တွင် ရာသီဥတု ကောင်းမွန်ခြင်းနှင့် စိုက်ပျိုးဧရိယာတိုးချဲ့ခြင်းတို့ကြောင့် ဘရာဇီး နိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုသည် ၆၀ ကီလိုဂရမ် အိတ်ပေါင်း ၆၆ ဒသမ ၇ သန်းအထိ ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ယမန်နှစ် ထက် ၁၈ ရာခိုင်နှုန်း ပိုမိုလာပြီး အမြင့်ဆုံးပမာဏအဖြစ် စံချိန် တင်ကြောင်း သတင်းများတွင် တွေ့ရသည်။

ဗီယက်နမ်နိုင်ငံ၏ ၂၀၂၆ ခုနှစ် ပထမလေးလအတွင်း ကော်ဖီ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံအထိ ဝင်ငွေရရှိခဲ့ သည်ဟုသိရသည်။ ဧပြီလတစ်လတည်းမှာပင် ကော်ဖီတန်ချိန် ၁၉၈၈၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ ဒသမ ၈ သန်း ရရှိခဲ့ခြင်းဖြစ်သည်။ တင်ပို့မှုပမာဏအနေဖြင့် ယခင်နှစ်ကထက် ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ကမ္ဘာ့ဈေးနှုန်း ကျဆင်းမှု ကြောင့် တင်ပို့သည့်တန်ဖိုး ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဆိုသည်။ ပထမလေးလအတွင်း ပျမ်းမျှတင်ပို့သည့် ဈေးနှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၅၅ ခန့်သာ ရှိပြီး ယခင်နှစ် ထက် ၁၉ ဒသမ ၈ ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိကော်ဖီစိုက်ပျိုးပြီး ဧရိယာ ၂၇၉၂၀ ဟက်တာ (၆၈၉၉၄ ဧက) ခန့် ရှိပြီး ထုတ်လုပ်မှုဧရိယာမှာ ၁၃၉၈၇ ဟက်တာ (၃၄၅၆၃ ဧက)ခန့်ရှိကြောင်း၊ နှစ်စဉ်ထုတ်လုပ်မှု တန်ချိန် ၁၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကော်ဖီ စိုက်ပျိုးမှုသည် နယ်ချဲ့ဗြိတိသျှတို့နှင့်အတူ ပါရှိလာခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သည်။ ကော်ဖီကို စီးပွားဖြစ် စိုက်ပျိုး လာကြစေရေးအတွက် ယခင်တပ်မတော်အစိုးရလက်ထက်ကစ၍ စီမံကိန်းချမှတ်ပြီး ပုဂ္ဂလိကစိုက်ပျိုးသူများအား စိုက်ပျိုးမြေများ ချမှတ်ပေးခဲ့ရာတွင် အချို့ကသာ အမှန်တကယ် စိုက်ပျိုးခဲ့ကြပြီး အချို့မှာ မြေကိုသာယူထားကာ လုပ်ငန်းဆောင်ရွက်မှုမရှိသူများ လည်း ရှိခဲ့သည်။ ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုချက်ပေးထားသည့် မြေဧရိယာများကို အခြားနည်းဖြင့် အသုံးချမှုများ၊ စိုက်ပျိုးမြေတွင် အဆောက်အအုံဆောက်လုပ်မှု၊ တရားမဲ့နေထိုင်မှုများ ပြုလုပ်ခဲ့ကြ ကြောင်းကိုလည်း တွေ့ရှိရသည်။

ပြီးခဲ့သည့် မေလ ၂၆ ရက်က ကျင်းပသည့် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် က "ကော်ဖီစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် နာမည်ရရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက် ပြည့်မီ အောင် တင်ပို့နိုင်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်လိုအပ်ချက် အတိုင်း ပြည့်မီစွာထုတ်လုပ်တင်ပို့နိုင်ရေး တိုးချဲ့စိုက်ပျိုးဆောင်ရွက် သွားကြရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံမှ စိုက်ပျိုးထုတ်လုပ်လိုက်သည့် ကော်ဖီထုတ်ကုန်အတွက် ဈေးကွက်မရှိ၍မဟုတ်ဘဲ ကုန်ပစ္စည်းအနေဖြင့် နာမည်ရရှိပြီးဖြစ်သလို ဈေးကွက်လည်းရှိပြီးဖြစ်ပါလျက် ထုတ်ကုန်မရှိ၍ မတင်ပို့နိုင်ခြင်း သာဖြစ်သည်ကို တွေ့ရသည်။ ယခင် ကော်ဖီစိုက်ပျိုးမြေများ ခွင့်ပြု ချထားပေးစဉ်ကပင် စိုက်ပျိုးထုတ်လုပ်ခဲ့ကြသူများအနေဖြင့် ယခုအချိန်တွင် ပြည်ပဈေးကွက်များသို့ ကောင်းစွာ တင်ပို့နိုင် ကြမည်ဖြစ်သည်။

ကော်ဖီသည် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုတွင် ကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းသည့် ဈေးကွက်ဝင် သီးနှံဖြစ်သည်။ ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု ထိပ်တန်းနိုင်ငံများတွင် အာဆီယံမှ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့ ပါဝင်နေပြီး ဝင်ငွေအားဖြင့်လည်း အများအပြား ရရှိနေကြသည်။ မိမိတို့နိုင်ငံအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင် သည့် အခြေအနေအရပ်ရပ်တို့နှင့် ပြည့်နှံပါလျက် ဈေးကွက်လိုအပ် ချက်ကို ပြည့်မီအောင် မထုတ်လုပ်နိုင်ခြင်းနှင့် စပ်လျဉ်း၍ ကော်ဖီ စီးပွားရေးကို အမှန်တကယ် လုပ်ကိုင်လိုသူများကိုသာ စိုက်ပျိုးမြေ များ ခွင့်ပြုပေးပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများပြုလုပ်၍ အားပေးဆောင်ရွက်သွားရန်လိုသည်။ ကမ္ဘာပေါ်တွင် ကော်ဖီစီးပွား ရေးသည် တစ်နှစ်ထက်တစ်နှစ် မှန်မှန်ကြီးထွားလျက်ရှိပြီး ဈေးကွက် တောင်းဆိုမှုမှာလည်း ပိုမိုကျယ်ပြန့်နေမည်သာဖြစ်ရာ ကမ္ဘာ့ကော်ဖီ ဈေးကွက်အတွင်း မြန်မာ့ကော်ဖီနေရာကောင်းတစ်ခု ရရေးအတွက် ကြိုးပမ်း စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါ ကြောင်း။ ။

ယနေ့ မိုးလေဝသ (၃၀-၅-၂၀၂၆)

နေပြည်တော်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန၊ Polytechnic University(ကျိုင်းတုံ) ပါမောက္ခချုပ် ဒေါက်တာ သင်းသုနိုင် ကို သတင်းအချက်အလက်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(၂၉-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၃~ ၃၆၆၉	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ	၁၆,၂၂၃,၂၇၈.၀၆	၆,၁၂၂,၄၈၉.၀၉	၁၈,၄၇၆,၆၉၄.၆၂	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍာ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍာသို့ အမေရိကန်ဒေါ်လာ ၃.၉၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍာသို့ အမေရိကန် ဒေါ်လာ ၃,၄၈၀.၀၀ ကို လည်းကောင်း၊ CMP ကဏ္ဍာသို့ အမေရိကန်ဒေါ်လာ ၂,၆၅၁.၁၉ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

၂၉ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မိရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ - ၅ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၅၀	၄၇၂၀	၄၆၆၅	၄၆၆၅	၄၇၂၀	၄၇၃၅	၄၇၇၅	၄၆၆၀	၄၇၇၅	၅၀၇၅	၄၆၆၀	၄၈၀၀	၄၇၆၀	၄၇၁၅	၄၇၂၀	၄၉၄၀
95 Ron	၄၆၂၀	၄၇၃၅	၄၇၄၀	၄၆၃၅	၄၇၃၅	၄၈၀၀	၄၈၅၀	၄၇၁၅	၄၈၅၀	၅၁၅၀	၄၇၃၅	၄၈၃၅	၄၈၃၅	၄၇၃၀	၄၇၃၅	၅၀၁၅
HSD (500 ppm)	၄၅၃၅	၄၇၂၅	၄၇၀၅	၄၆၀၀	၄၇၆၀	၄၇၇၀	၄၈၀၀	၄၆၆၀	-	၅၀၃၅	၄၇၀၀	၅၁၆၀	၄၇၃၅	၄၇၅၀	၄၇၂၅	၄၉၆၅
HSD (50 ppm)	၄၅၅၀	၄၇၂၀	၄၆၆၅	၄၅၆၅	၄၇၂၅	၄၇၃၅	၄၇၈၀	၄၆၄၀	၄၇၆၀	၅၀၀၀	၄၆၆၅	၄၈၅၀	၄၇၆၀	၄၇၁၅	၄၇၂၀	၄၉၄၀
HSD (10 ppm)	၄၅၅၀	၄၇၂၀	၄၆၆၅	၄၅၆၅	၄၇၂၅	၄၇၃၅	၄၇၈၀	၄၆၄၀		၅၀၀၀	၄၆၆၅	၄၈၅၀	၄၇၆၀	၄၇၁၅	၄၇၂၀	၄၉၄၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၆	၄၄၃၆
95 Ron	၄၃၈၇	၄၅၀၉
HSD (500 ppm)	၄၃၇၄	၄၄၉၁
HSD (50 ppm)	၅၂၈၇	၅၄၂၂
HSD (10 ppm)	၅၂၈၇	၅၄၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ် ပါသည်–

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် – ဟန်လင်းအောင်
စာတည်းမှူး – ခင်ရတနာ
စာတည်းများ – ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း – ခြူးစန်နွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း – ကျော်သူဝင်း၊ တင်မောင်လွင်၊ သတင်းထောက်များ – ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် – တင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်–ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၃၊ ဖက်စ် ၀၆၇-၃၆၁၄၅၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ငွေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၀၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၅၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

▲ ရှေ့ဖုံးမှ

ပုစ္ဆာကအကူဆရာတော်များနှင့် ကြီးကြပ်ရေးဆရာတော်များ၊ (၇၈) ကြွမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘော ရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညီစောနှင့်ဇနီး ဒေါ်စမဲ်းစမဲ်းအေး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာသက်ခိုင်ဝင်း၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါဓိစရိယအဖွဲ့ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါး သီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန့်စာသင်တိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏သာရဏီယသြဝါဒကထာကို စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရန္ဒင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဂန္ဓမောတိုအား ဒုတိယသမ္မတ ဦးညီစောက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရသာသနာ့အာဇာနည်အရှင်မြတ် ၂ ပါး၊ ဒီဃနိကာယကောဝိဒဘွဲ့ ဘွဲ့တံဆိပ်တော်ရသာသနာ့အာဇာနည်အရှင်မြတ် ၃ ပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရသာသနာ့အာဇာနည်အရှင်မြတ် ၁ ပါး၊ ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၇ ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၄၆ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မဖိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓရ မဟာဓမ္မကထိက ဗဟုဇနဟိတရဏဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဒုတိယသမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များနှင့်အလှူရှင်များက တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြပြီး လိုဏ်ဂူတော်ပရိဝုဏ်အတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင် အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာဆောင်ရွက်ချက် ပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီအထူး၊ ဉာဏ်ပညာအထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကသုံးပုံနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ စာမေးပွဲကြီး စတင်ကျင်းပသည့် (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၆ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ်များ ထူးခြားစွာ ပေါ်ထွန်းခဲ့ရာ ယခု (၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ပေါ်ထွန်းလာသည့် အရှင်ဝိစိတ္တသာရ အရှင်သူမြတ်မှာ ၁၈ ပါး မြောက် သာသနာ့အာဇာနည်ဖြစ်ကြောင်းနှင့် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာဦးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပညာရေး တက္ကသိုလ်၊ ပညာရေးဒီဂရီ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့် မဟာဝဇ္ဇ တက်ရောက်ရန် အရည်အချင်း ပြည့်မီသော ဆရာ ဆရာမများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်များတွင် ဆရာအတတ် ပညာနှင့်စပ်လျဉ်းသည့်ဘာသာရပ်များ သင်ကြားနိုင်ရန် ပညာတော်သင်များ စေလွှတ်နိုင်ရေး၊ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပို့ဖွဲ့ဖြင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အဖြေရှင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံရှိကုလသမဂ္ဂအဖွဲ့အစည်းများ၏အကြီးအမှူး ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏အကြီးအမှူး ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ယင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဝန်ကြီးဌာနနှင့် UNDP – UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်နေမှု၊ မောင်တောဒေသရှိ UN အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရန်ကုန်မြို့၌ ယာယီနေထိုင်နိုင်ရေး ခွင့်ပြုဆောင်ရွက်မှုနှင့် နယ်မြေဒေသ တည်ငြိမ်ပါက ပြန်လည်ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေများနှင့် ပတ်သက်၍ ကုလသမဂ္ဂရုံးချုပ်သို့ သတင်းမှန်နှင့်အချက်အလက်မှန် များဖြင့် ရှင်းလင်းတင်ပြနိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အဖြေရှင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးလင်းဇော်ထွန်းနှင့် ဒေါက်တာခိုင်ခိုင်စိုး၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှုမြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ “ **၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်**”ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ဥတ္တရာသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတမ်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ၇ ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ် မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ



(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များနှင့်တကွ ချီးကျူးပူဇော်ပွဲသို့ လာရောက်ဖူးမြော်ပူဇော်ကြသည့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား အသက်ထက်ဆုံး အောက်မေ့ဖွယ် အမှတ်ရဖွယ်ဖြစ်သော သာရဏီယဩဝါဒကထာ မြွက်ကြားလိုသည်မှာ သုံးလောကထွတ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားရှင်သည်-

"ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ"

အစရှိသည်ဖြင့် အင်္ဂုတ္တိရ်ပထမတွဲ၊ ဧကပုဂ္ဂလဝဂ်၊ စာမျက်နှာ (၂၁)၌ မိန့်ကြားတော်မူပါတယ်။

ရဟန်းတို့ လောကဌ် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်ပေါ်လာသည်ရှိသော် လူအများ အစီးအပွားအလို့ငှာ၊ လူအများချမ်းသာခြင်းငှာ လောကကို အစဉ်သနား ဓောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့၏ အကျိုးများရန် အစီးအပွားများရန် ချမ်းသာဖို့ရန်အလို့ငှာ ဖြစ်တော်မူ၏။ တစ်ဦးတည်းသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တိုင်ဖူန်စွာ သိတော်မူသောဖြတ်စွာဘုရားပင်တည်း။

ဤလောကလူသား လူအများသည် ဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ဆင်းရဲကြောင်း အလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း ဆင်းရဲကြောင်း အလုပ်များပဲဟု မသိမမြင်ကြပေ၊ ကုသိုလ် အကုသိုလ်ဟူ၍လည်း မကွဲပြား မသိမမြင်နိုင်ကြပေ။ လောကကြီးသည် မောဟ အမှောင်ဖုံးနေသော အမိုက်တိုက်လောကကြီး ဖြစ်ပါသည်။ အဝိဇ္ဇာ အမှောင်ထုကြီး ဖုံးလွှမ်းနေသောလောကကြီးထဲတွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာသဖြင့်သာ ဤတရားက အပြစ်မရှိ ချမ်းသာသောအကျိုးတရားကို ပေးခြင်းလက္ခဏာရှိသော ကုသိုလ်တရားပဲ၊ ဤတရားက အပြစ်နှင့်တကွဖြစ်ပြီး ဆင်းရဲသော အကျိုးကိုပေးခြင်း လက္ခဏာရှိသော အကုသိုလ်တရားပဲ၊ ဤတရားက ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန် တရားပဲစသည်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

ထို့ပြင်လည်း ဤသဘောတရားများသည် ဇာတ်စင်စစ် ဆင်းရဲသောတရား **"ဒုက္ခသစ္စာ"** ပဲ၊ ဤသဘောတရားသည် ဆင်းရဲကြောင်း အမှန်တရား **"သမုဒယသစ္စာ"** ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာမှန်တရား **"နိရောဓသစ္စာ"** ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာသို့ ဆိုက်ရောက်စေနိုင်သော အမှန်တရား **"မဂ္ဂသစ္စာ"** ပဲ စသည်ဖြင့် သစ္စာလေးပါးတရားတော်တို့ကိုလည်း ဟောကြားတော်မူခဲ့ပါတယ်။ ဤသစ္စာလေးပါးတရားတော်တို့ကို ဟောကြားတော်မူလိုက်သောအခါ အချို့သော ဝေနေယျသတ္တဝါများ အဝိဇ္ဇာအမှောင်လုံးဝကင်းရှင်းပြီး ဝိဇ္ဇာအလင်းရောင် ကောင်းကောင်း ရရှိသွားကြပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းဟာ နေမင်းကြီး လမင်းကြီး ထွက်ပေါ်လာသကဲ့သို့ဖြစ်ပြီး ကြာမြင့်စွာသောကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအများ စီးပွားချမ်းသာဖို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်များကို ရတနာခြင်းတောင်းသုံးမျိုးထဲသို့ သဘောတူရာစုပေါင်းထည့်လိုက်လျှင် ဝိနယပိဋကက၊ သုတ္တန္တပိဋကက၊ အဘိဓမ္မပိဋကဟူ၍ ပိဋကသုံးပုံဖြစ်လာပါတယ်။ သုံးပုံပိဋကက တရားဒေသနာတော်မြတ်များကို သင်ကြားပို့ချပေးခြင်း၊ သင်ယူမှတ်သားခြင်းတို့ကို ပရိယတ္တိဟု ခေါ်ပါတယ်။ ပရိယတ္တိတရားတော်များသည် ရှောင်ကြဉ်ဖို့၊ ကျင့်ကြံဖို့၊ နှလုံးသွင်းသိရှိဖို့ကို ညွှန်ကြားတော်မူပါတယ်။ ထိုပရိယတ္တိ တရားဒေသနာတော်များက ညွှန်ကြားသည့်အတိုင်း လိုက်နာကျင့်ကြံပွားများအားထုတ်ခြင်းကို ပဋိပတ္တိလို့ ခေါ်ပါတယ်။ ပဋိပတ္တိအစွမ်းကြောင့် မင်ဉာဏ်၊ ဖိုလ်ဉာဏ် စသော အသိထူးများရရှိခြင်းကို ပဋိဝေဓလို့ ခေါ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသည် အခြေခံမူလ ပဓာနကျပါတယ်။ သစ်ပင်ကြီးတစ်ပင်မှာ ရေသောက်ဖြစ်ရှိမှသာ ပင်စည်၊ အကိုင်းအခက်တွေ ကြာရှည်စွာ တည်တံ့နေရည်ဖြစ်ပါတယ်။ ရေသောက်မြစ်မရှိလျှင် ကြာရှည်စွာ တည်တံ့မနေနိုင်ပေ။ အပွင့်၊ အသီးများလည်း ဖူးပွင့်ဝေဆာ မဖူးနိုင်၊ မပွင့်နိုင်၊ မသီးနိုင်ကြသကဲ့သို့ ထိုနည်းတူစွာပင် သာသနာတော်သုံးရပ်၌လည်း ပရိယတ္တိမှမရှိလျှင် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတို့သည်လည်း မတည်ရှိ နိုင်တော့ပေ။

ရောကနဲကြီးဥပမာနှင့်ပြောရလျှင် ရောကနဲကြီးမှာ ကန်ပေါင်ကန်ရိုးသာမရှိလျှင် ရောကနဲထဲ၌ ရေတွေ့၊ ကြာပင်တွေ ကြာရှည်စွာ မတည်နိုင်ပေ၊ ရေမရှိလျှင်လည်း ကြာပင်များ မပေါက်ရောက်နိုင်ပေ။

ထို့ဥပမာအတိုင်းပင် ပရိယတ္တိသည် ကန်ပေါင်ကန်ရိုးနှင့် တူပါသည်။ ပဋိပတ္တိသည် ရေနှင့်တူပါသည်။ ပဋိဝေဓသည် ကြာပင်၊ ကြာပွင့်များနှင့် တူပါသည်။ ထို့ကြောင့် ပဋိပတ္တိဟူသောရေကြည် ရေအေး၊ ပဋိဝေဓ ဟူသော ကြာပင် ကြာပွင့်များနှင့် လုပတင့်တယ်စွာ ရှိဖို့ဆိုသည်မှာ ပရိယတ္တိဟူသော ကန်ပေါင်ကန်ရိုးကြီး ခိုင်ခိုင်ခံ့ခံ့ ရှိဖို့လိုအပ်ပါတယ်။ ကန်ပေါင်ကန်ရိုးကြီးကတော့ ခိုင်ခိုင်ခံ့ခံ့ရှိပါ၏။ သို့သော် ကန်ထဲ၌ ရေလည်းမရှိ၊ ကြာလည်းမရှိလျှင် ခြောက်သွေ့နေသည့်ကန်ကြီးသည် တင့်တယ်မှုမရှိသဖြင့် မည်သူမည်ဝါမျှ စိတ်ဝင်စားမှုမရှိ၊ ရေကိုလည်း မသောက်ရ မချိုးရသဖြင့် ဘာမျှအကျိုးမရှိတော့ပါ။ ထို့အတူ ကန်ပေါင်ရိုးနှင့်တူသည့် ပရိယတ္တိတစ်ခုတည်းသာရှိမည်ဆိုပါကလည်း ပဋိပတ္တိဟူသော သာသနာ့အရသာဖြစ်သည့် ရေကြည်ရေအေးလည်း မသောက်ရ၊ ပဋိဝေဓဟူသော ကြာဖူး၊ ကြာပန်းများလည်း မပွင့်နိုင်သဖြင့် သာသနာတော်ကြီးသည် တင့်တယ်လှပမည်မဟုတ်ပါ။

ဒါကြောင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ရေတွေတည်တံ့ဖို့၊ ကန်ဘောင်ရိုးကြီးကို ခိုင်ခိုင်ခံ့ခံ့ရှိအောင် ကြိုးစား အားထုတ်တော်မူကြခြင်းဖြစ်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးနှင့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ရောကနဲကြီးထဲမှာ ရေတွေရှိအောင် ကြာပင်၊ ကြာပန်းများနှင့် လုပတင့်တယ်မှုရှိအောင် ဆက်လက်၍ ကြိုးစားအားထုတ်ကြဖို့လည်း သတိပေးစကား ပြောကြားလိုပါတယ်။

သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့နေကြသည့် နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်းတို့က ဥယျာဉ်မှူးနှင့် တူပါတယ်။ ဥယျာဉ်မှူးသည် သစ်ပင်များကို ရေမလောင်း ပေါင်းမသင်း ဘဲထားလျှင် သစ်ပင်များဟာ ညှိုးနွမ်းခြောက်သွေ့ပြီး ရေတွေများစွာ လောင်းပြန်လျှင်လည်း စိမ့်ဖမ်းပြီး သစ်ပင်သည် သေသွားနိုင်ပါတယ်။ ထိုနည်းတူစွာပင် သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့ရာမှာ ရေပြတ်နေသည့် သစ်ပင်များလိုလည်း မဖြစ်ရအောင်၊ ရေတွေများပြီး စိမ့်ဖမ်းလို့ သေသွားသည့်သစ်ပင်များလိုလည်း မဖြစ်ကြရလေအောင် ပြုစုစောင့်ရှောက်ထောက်ပံ့ပါက သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ကာ ဆရာဒကာနှစ်ဖြာစလုံး ဆင်းရဲဆုံးရာ ချမ်းသာအမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြောင်း၊ ဆိုက်ရောက်နိုင်ကြပါစေလို့လည်း ဆုတောင်းပတ္ထနာပြုရင်း သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့.....။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆ /၂၀၂၆)

၁။ ပညာသင်ကြားခွင့်သည် လူသားတိုင်းရရှိရမည့် အခြေခံအခွင့်အရေးဖြစ်ပါသည်။ ပညာသင်ကြားခွင့်နှင့် စပ်လျဉ်း၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၂၆(၁)နှင့် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈ နှင့် ၂၉ တို့တွင် ဖော်ပြထားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆(ဖ)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၄၆၊ ၄၇ နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၂၀ မှ ၂၅ အထိတို့တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

၂။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မသန်စွမ်းကလေးငယ်များအပါအဝင် ကျောင်းနေအရွယ် ကလေးသူငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက နွေးဆော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဧတော်မိဖွဲ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးသည် ပဓာနကျသည်ဖြစ်ရာ ပညာရေးကို အားပေးခြင်းဖြင့် ကလေးတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရား မြင့်မားလာစေခြင်း၊ ကိုယ်ပိုင်ဘဝရပ်တည်နိုင်စွမ်းကို ဖြင့်တင်ပေးနိုင်ခြင်း၊ မိသားစုနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတို့ကို အကျိုးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည့်အပြင် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကို အထောက်အကူပြုနိုင်သည့် မျိုးဆက်သစ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသည့် နိုင်ငံတော်၏ဆောင်ပုဒ်နှင့် အညီ မသန်စွမ်းကလေးများအပါအဝင် ကျောင်းနေအရွယ်ကလေးများ စာသင်နှစ်အလိုက် ကျောင်းအပ်နှံရေး၊ စာသင်ခန်းသို့ ပြန်လည်ရောက်ရှိရေး၊ အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနှင့်ရရှိရေး မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ဗဟန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်း အနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမတွင် ကျင်းပရာ ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှတင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေခဲ့ကြသည်။ **သင်းသင်းစိုး(ခရိုင်ပြန်/ဆက်)**

ကျိုက်ထိုမြို့နယ် အထက(၁)၌ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်နိုင် Fire Hotspot ဖြစ်ပွားမှု လျော့နည်းပပျောက်ရေး၊ တောမီးလောင်မှုမရှိစေရေး ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပတ်သက်၍ မေ ၂၉ ရက်က အသိပညာပေး ဟောပြောစဉ်။ ကျိုက်ထို(ပြန်/ဆက်)

ဥပဒေ၏အကာအကွယ်အောက်တွင် ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် ဝိုင်းဝန်းဆောင်ရွက်အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ဆောလျင်စွာပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်

ရန်ကုန် မေ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်စိုး၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေပညာရှင် (အငြိမ်းစား)များအား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး ပုလဲခန်းမ၌ တွေ့ဆုံသည်။ (အောက်ပုံ)

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ စည်းထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏ အကျိုးစီးပွားအား အကာအကွယ်ပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းရာ၌ အထောက်အကူဖြစ်စေရန်နှင့် ထိရောက်စေရန်အတွက် ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရှိ ဥပဒေပညာရှင်များနှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဥပဒေပညာရှင်များနှင့်တွေ့ဆုံပြီး ဥပဒေကားဝိုင်းပြုလုပ်ရန် အမြဲစဉ်းစားခဲ့ပါကြောင်း၊ ဥပဒေပညာရှင်များအနေဖြင့် တည်ဆဲဥပဒေများနှင့်ပတ်သက်ပြီး ခေတ်နှင့်မလျော်ညီတော့သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ခေတ်နှင့်အညီ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်ပြီး အကျိုးစီးပွား ဖြစ်ထွန်းစေရန်အတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးများတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်ဖြစ်ပါကြောင်း၊ လတ်တလောအနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပညာရှင်များအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေပညာရှင် (အငြိမ်းစား)များက ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးသင်တန်းခန်းမ၌ပြုလုပ်သည့် စီမံကိန်း၊ ရာသုံးမှန်းခြေငွေစာရင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သတင်းစဉ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၂ ခုကို ခွင့်ပြု

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရေရှည်နှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် တစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် သုံးခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀၅ သန်းနှင့် ငွေကျပ် ၂၉၉၇၇၃ ဒသမ ၆၃၉ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၈၇၉ ဦးအား ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများမှာ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်နှင့် စွေးဝယ်စင်တာလုပ်ငန်း၊ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါစိုက်ပျိုးခြင်း၊ ဆီသန့်ထုတ်လုပ်ခြင်းနှင့် သိုးဆိတ်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘီစကွတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ ပေါင်မုန့်နှင့် မုန့်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ဆိုင်ကယ် ကျွတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆံပင်တုထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊ အလူမီနီယံ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့လည်း ပါဝင်သည်။

၂၀၂၆ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စီစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

M-15 တူးဖော်ရေးစီမံကိန်းနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေး

ထားဝယ် မေ ၂၉

တနင်္သာရီ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကိုသည် CFG Energy Pte., Ltd. ၏ ဥက္ကဋ္ဌ Mr. Shen Song Ning နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် CFG Energy Pte., Ltd. ဥက္ကဋ္ဌနှင့်အဖွဲ့က M-15 ကမ်းလွန်လုပ်ကွက်၊ လွန်တူးဖော်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ နှစ်ကုန်ပိုင်းတွင် စတင်အကောင်အထည်ဖော်မည့်တူးဖော်ရေးလုပ်ငန်းများ၊ EIA/SIA ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မည့်နယ်မြေဒေသများရှိလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အခြေခံပညာကျောင်းများ၌ အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

အထက်မင်းလှ မေ ၂၉

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်ရက်မတိုင်မီ အခြေခံပညာကျောင်းများ၌ ပညာသင်ယူမည့် ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပြီး အဖွဲ့များခွဲကာ ယမန်နေ့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ဝင်းမြတ်(အထက်မင်းလှ)

အစိမ်းရောင် လမ်းမများဆီသို့ EV ကားဖြင့် ခရီးတက်ရာဝယ်

ပိုမိုဘေးကင်းသော လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် နေအိမ်စနစ်၊ စွမ်းအင်ချွေတာမှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့ကို စနစ်တကျ ရရှိခံစားရမည့် AI စနစ်ပါ မြို့ပြများ ကမ္ဘာကြီးတွင် ပေါ်ပေါက်လာတော့မည်။ ဉာဏ်ရည်တုနည်းပညာ (AI) အသုံးပြုထားသည့် ဂျပန်နိုင်ငံရှိ Woven City ကမ္ဘာ့ပထမဆုံး AI မြို့ပြတစ်ခု ဖြစ်လာပြီဖြစ်သည်။

ဗညားဦး

“တစ်ဖက်တွင်လည်း EV များ၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်လျက်ရှိသည်။ တပ်ဆင်ထားသည့် ကင်မရာများ၊ ရေဒါများနှင့် AI Chipset များက လမ်းအခြေအနေ၊ အတားအဆီးများကို မြန်ဆန်စွာတွက်ချက်ပြီး စတီယာရင်နှင့် ဘရိတ်ကို အလိုအလျောက် ထိန်းချုပ်မောင်းနှင်ပေးသည့်စနစ်၊ စမတ်ဖုန်းများကဲ့သို့ ကား၏ Operating System ကို အင်တာနက်မှတစ်ဆင့် Software Update ပြုလုပ်ရုံဖြင့် ကား၏ မောင်းနှင်မှုပုံစံ၊ ဘက်ထရီစွမ်းဆောင်ရည်နှင့် AI အသုံးပြုထားသည့် ပိုမိုကောင်းမွန်သည့်စနစ်၊ အသံအမိန့်ပေးစနစ်၊ ဘက်ထရီနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ် ပါဝင်သည့် နည်းပညာမြင့် EV များက စက်သုံးဆီသုံးယာဉ်များနေရာတွင် အစားထိုး ဝင်ရောက်လာပြီဖြစ်”

ဉာဏ်ရည်တုနည်းပညာအသုံးပြုပြီး နိုင်ငံတိုင်းက အများပြည်သူ လွယ်ကူလျင်မြန်စွာ၊ သက်သောင့်သက်သာရှိစွာ၊ လုံခြုံစွာ နေထိုင်သွားလာနိုင်သော စနစ်များကို ဖော်ဆောင်လာကြသည်။ အစိမ်းရောင်မြို့ပြစနစ်များကိုလည်း ဖန်တီးလာကြသည်။ ထို့အတူ ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ဖော်ဆောင်ရာတွင် သန့်ရှင်းသော စွမ်းအင်များကို အသုံးပြုသည့်ဧတော်ဆီ ကူးပြောင်းနေချိန်လည်းဖြစ်သည်။ တိုးပွားလာသော ကမ္ဘာ့လူဦးရေနှင့်အတူ ကမ္ဘာ့ရှုပ်ကြွင်းလောင်စာများ လျော့နည်းရှားပါးလာမှု၊ စက်သုံးဆီစွေးနှုန်းများ မြင့်တက်လာမှုတို့ကလည်း သန့်ရှင်းသောစွမ်းအင်နှင့် နည်းပညာ ပေါင်းစပ်တည်ဆောက်ထားသော မြို့ပြများဆီ လျင်လျင်မြန်မြန် တွန်းပို့နေသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျော့ချရေး တွန်းအားပေး ဆောင်ရွက်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာ့နိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျော့ချရေး လုပ်ငန်းစဉ်များကို နိုင်ငံအလိုက် တွန်းအားပေး ဆောင်ရွက်ကြရသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် အသားတင်ထုတ်လွှတ်မှု သုညသို့ ရောက်ရှိရေး ရည်မှန်းဆောင်ရွက်နေကြပြီး သယ်ယူပို့ဆောင်ရေးမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကျော် လျော့ချရန် ကြိုးပမ်းကြသည်။

ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သော ယာဉ်များ ပြောင်းလဲသုံးစွဲလာကြသည်။ ကာဗွန်ထုတ်လွှတ်မှု မရှိသော လျှပ်စစ်သုံးယာဉ် (Electric car, Electric vehicle – EV) များ၏ အခန်းကဏ္ဍသည် ရှေ့တန်းရောက်ရှိလာသည်။ စွေးကွက်တွင် လျှပ်စစ်သုံးယာဉ်များက ထိပ်တန်းရောက်ရှိလာသည်။ ကမ္ဘာ့နိုင်ငံများမှ အစိုးရများက ပြည်သူများအား လျှပ်စစ်ကားများ ပြောင်းလဲအသုံးပြုမှုကို တွန်းအားပေး ဆောင်ရွက်လာကြသည်။ EV မူဝါဒများ ချမှတ်လာကြသည်။

လျော့စွေးများ၊ အခွန်လျော့စွေးများဖြင့် EV သုံးစွဲသူများကို ဆွဲဆောင်သည့် အစီအစဉ်များကို ချမှတ်ဖော်ဆောင်ကြသည်။ ပြည်သူများသုံးစွဲမှု အဆင်ပြေရန် အားသွင်းရုံများ၊ ပြုပြင်ထိန်းသိမ်းရေး စင်တာများကို တစ်ပါတည်း လုပ်ဆောင်ပေးကြသည်။

တစ်ဖက်တွင်လည်း EV များ၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်လျက်ရှိသည်။ တပ်ဆင်ထားသည့် ကင်မရာများ၊ ရေဒါများနှင့် AI Chipset များက လမ်းအခြေအနေ၊ အတားအဆီးများကို မြန်ဆန်စွာ တွက်ချက်ပြီး စတီယာရင်နှင့် ဘရိတ်ကို အလိုအလျောက် ထိန်းချုပ်မောင်းနှင်ပေးသည့်စနစ်၊ စမတ်ဖုန်းများကဲ့သို့ ကား၏ Operating System ကို အင်တာနက်မှတစ်ဆင့် Software Update ပြုလုပ်ရုံဖြင့် ကား၏ မောင်းနှင်မှုပုံစံ၊ ဘက်ထရီစွမ်းဆောင်ရည်နှင့် AI အသုံးပြုထားသည့် ပိုမိုကောင်းမွန်သည့်စနစ်၊ အသံအမိန့်ပေးစနစ်၊ ဘက်ထရီနှင့် စွမ်းအင် စီမံခန့်ခွဲမှုစနစ် ပါဝင်သည့် နည်းပညာမြင့် EV များက စက်သုံးဆီသုံးယာဉ်များနေရာတွင် အစားထိုး ဝင်ရောက်လာပြီဖြစ်သည်။

ကမ္ဘာ့ကားစွေးကွက်တွင် EV များ ရောင်းအားဆက်လက်မြင့်တက်

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားစွေးကွက်တွင် EV ၁၇ ဒသမ ၁ သန်းအထိ စံချိန်တင် ရောင်းချနိုင်ခဲ့သည်။ ထို့အတူ ၂၀၂၆ ခုနှစ်အတွင်း EV များ ရောင်းအားက ၂၃ သန်းအထိ ဆက်လက်မြင့်တက်လာရန် အလားအလာရှိပြီး ကားအသစ်စွေးကွက်၏ ၃၀ ရာခိုင်နှုန်းနီးပါးအထိ နေရာယူလာနိုင်ကြောင်း နိုင်ငံတကာ စွမ်းအင်အေဂျင်စီ (IEA) ၏ အချက်အလက်များအရ သိရသည်။

နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏ နောက်ဆုံး ထုတ်ပြန်ထားသော Global EV Outlook အစီရင်ခံစာအရ ၂၀၃၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ EV အစီးရေသည် သန်း ၅၁၀ အထိ ရောက်ရှိလာမည်ဖြစ်ပြီး ယင်းသည် လက်ရှိအသုံးပြုနေသော ပမာဏထက် ခြောက်ဆကျော် တိုးတက်လာနိုင်ကြောင်း သိရသည်။

EV တစ်ဝက်ဆန်းသစ်လာချိန်တွင် တရုတ်နှင့် ဥရောပတို့၌ ကားအသစ်ရောင်းအား၏ ၉၀ ရာခိုင်နှုန်းကျော်အထိ လွှမ်းမိုးနိုင်သည့် အခြေအနေကို ရောက်ရှိနိုင်ပြီး အရှေ့တောင်အာရှ စွေးကွက်တွင်လည်း EV ရောင်းအားပမာဏသည် လက်ရှိထက် သုံးဆအထိ မြင့်တက်လာနိုင်ကြောင်း IEA ၏ အချက်အလက်များအရ သိရသည်။ ထို့အတူ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် လျှပ်စစ်ဘတ်စ်ကားများ၊ လျှပ်စစ်ကုန်တင်ကားကြီးများ၊ လျှပ်စစ် နှစ်ဘီး/ သုံးဘီးတပ်ယာဉ်များ သည်လည်း ထွန်းသစ်စ စွေးကွက်တစ်ခု ဖြစ်လာမည်။

ပြောင်းလဲတိုးတက်လာသော EV များ၏ အခန်းကဏ္ဍတွင် AI နည်းပညာဖွံ့ဖြိုးမှုကို ပေါင်းစပ်လိုက်သည့်အခါ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ကြီးမားစွာပြောင်းလဲစေသည့် နည်းပညာပေါင်းစပ်မှု ဖြစ်လာသည်။ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများက နည်းပညာ ကုမ္ပဏီများနှင့် ပူးပေါင်း၍ AI မောင်းနှင်မှုစနစ်များဖြင့် EV များကို နည်းပညာတစ်ဆင့်ထက်တစ်ဆင့် မြှင့်တင်ရင်း ဖွံ့ဖြိုးမှုကို ကြိုးပမ်းဖော်ဆောင်ကြသည်။ ထို့အတူ EV ဝယ်ယူသုံးစွဲရာတွင် ဦးစားပေးစဉ်းစားကြသည့် ဘက်ထရီအကြမ်းခံမှု၊ အားသွင်းချိန်၊ ခရီးဝေး အကန့်အသတ် စသည့်အချက်များကို သုံးစွဲသူများအတွက် အားသာချက်များရရှိအောင် EV ထုတ်လုပ်သူများက ကြိုးပမ်းလျက်ရှိသည်။

EV များ၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် ဘက်ထရီထုတ်လုပ်မှုနည်းပညာ တိုးတက်လာခြင်းကြောင့် ဘက်ထရီစွေးနှုန်းများက နှစ်စဉ် သိသိသာသာ ကျဆင်းမှုရှိကြောင်း IEA မှ သိရှိရပြီး ဘက်ထရီသက်တမ်းနှင့် ထိန်းသိမ်းမှု (Battery Life & Maintenance) အပိုင်းကို စဉ်ဆက်မပြတ် မြှင့်တင်လျက်ရှိကြသည်။

အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံ၏ EV မူဝါဒသည် လျှပ်စစ်ကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည်။ မြန်မာနိုင်ငံတွင်လည်း EV ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ၂၀၂၂ ခုနှစ်က အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့ပြင် ၂၀၂၃ ခုနှစ်တွင် EV ကဏ္ဍ ဖွံ့ဖြိုးရေးလမ်းပြမြေပုံကို စနစ်တကျ ရေးဆွဲချမှတ်ပြီး ဦးဆောင်ကော်မတီ၏ မူဝါဒနှင့် လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းကော်မတီငါးခုကို ဖွဲ့စည်းကာ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလေးပေး ဆောင်ရွက်နေသည်။

YBS ယာဉ်လိုင်းအားလုံးကို လျှပ်စစ်ဘတ်စ်ကားများအဖြစ် အစားထိုးပြောင်းလဲရန် ရည်မှန်း

EV များအတွက် အခွန်ကင်းလွတ်ခွင့်များ၊ အားပေးမြှင့်တင်မှုအစီအစဉ်များဖြင့် EV ကဏ္ဍ ဖွံ့ဖြိုးရေးကို ဖော်ဆောင်နေသည်။ EV တင်သွင်းသည့် ကုမ္ပဏီများသည် ကားရောင်းချရုံတင်မကဘဲ ပြုပြင်ထိန်းသိမ်းရေးစင်တာ (Showroom & Service Center) များနှင့် အားသွင်းရုံများကိုပါ တစ်ပါတည်း တည်ဆောက်ရသည့် မူဝါဒထားရှိသည်။ ရန်ကုန်မြို့တွင်းပြေးဆွဲနေသော Taxi အငှားယာဉ်များနှင့် YBS မြို့တွင်းဘတ်စ်ကားလိုင်းများတွင် အင်ဂျင်ကားများနေရာ၌ EV များကို အစားထိုးလဲလှယ်အသုံးပြုရန် ဦးစားပေး ခွင့်ပြုပေးနေသည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) အနေဖြင့် YBS ယာဉ်လိုင်းများတွင် EV Bus နှစ်စီးဖြင့် ရှေ့ပြေးစမ်းသပ်ပြေးဆွဲနေပြီဖြစ်သည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ၃၂ ရာခိုင်နှုန်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် YBS ယာဉ်လိုင်းအားလုံးကို ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်ဘတ်စ်ကားများအဖြစ် အစားထိုးပြောင်းလဲရန် ရည်မှန်းထားသည်။

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးနေမှုကို တိုးတက်ဖြည့်ဆည်းပေးလျက် ရှိသည့်အတွက် တိုးတက်သုံးစွဲလာကြမည့် EV များအတွက် ဓာတ်အားရရှိရေးကိုအတူ ဖြည့်ဆည်းပေးနိုင်လာမည်ဖြစ်သည်။ ရန်ကုန်–နေပြည်တော်–မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်နှင့် မြို့ကြီးများရှိ အဓိကလမ်းဆုံများနှင့် စက်သုံးဆီဆိုင်များတွင် အများပြည်သူသုံး EV အားသွင်းရုံ (DC Fast Charging) များ ဖွင့်လှစ်ထားရှိပြီး ပြည်သူများ တိုးတက်သုံးစွဲမှုနှင့်အတူ EV အားသွင်းရုံများ တိုးတက်ဖွင့်လှစ်မည့် အလားအလာများရှိသည်။

ထို့အတူ ပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်ပညာရှင်များ၊ လိုအပ်သည့် ကားအပိုပစ္စည်းများ လွယ်ကူစွာ စီမံပေးနိုင်ရန် လိုအပ်သည့်အတွက် EV တင်သွင်းသည့် ကုမ္ပဏီများက ကားရောင်းချပြုပြင်ထိန်းသိမ်းရေးစင်တာကို

စာမျက်နှာ ၇ သို့

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးပြီး တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်မတော်ဆေးရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) အရာခံ/အကြပ်ကြီးသင်တန်းကျောင်းရှိ သင်တန်းသား စားရိပ်သာသို့ရောက်ရှိပြီး ရိက္ခာ၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်များကို စတိုခန်းများအတွင်း ထားရှိမှုအခြေအနေများ၊ ချက်ပြုတ်နေမှုနှင့် ကျွေးမွေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စားရိပ်သာများအတွင်း ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် ခြင်ယင်များမရှိစေရန် ဆေးဖျန်းခြင်းများဆောင်ရွက်ရန်၊ စတိုအတွင်း ရိက္ခာများအား သန့်ရှင်းသပ်ရပ်စွာဖြင့် စနစ်တကျ ထားရှိရန်၊ ရိပ်သာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်၊ ချက်ပြုတ်ကျွေးမွေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း အာဟာရပြည့်မီစွာဖြင့် ကျွေးမွေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရန် တို့မှာကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်နှီးနှီး နှုတ်ဆက်သည်။

ထို့နောက် သင်တန်းကျောင်းဝင်းအတွင်း လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများ၊ အိပ်ဆောင်များ၊ စာသင်ဆောင်များနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) မြဝတီစားရိပ်သာတွင် ခြေလျင် တပ်ရင်းမှူးသင်တန်းမှ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး သင်တန်းသားများအား ရင်းရင်နှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မျိုးစေ့များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြပြီး တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ Green House အတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရုံးပတီ၊ ရွှေဖရုံ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ဘူး၊ မုန်ညင်း၊ မုန်လာဥနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များ အဖြစ် အဆင့်ဆင့်မျိုးစေ့များ ထုပ်ပိုးနေမှုနှင့် သိုလှောင်ခန်းအတွင်း မျိုးစေ့များ သိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ နယ်မြေခံဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ၏ တစ်ဦးချင်းရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်နှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အကြီးအကဲမှ ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် ကွန်ပျူတာဖြင့် ခန္ဓာကိုယ်အတွင်းပိုင်းကို အလွှာလိုက် ဓာတ်မှန်ရိုက်စစ်ဆေးနိုင်သည့် CT Scan စက်အသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်နန်းကူးကူနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ရင်းရင်နှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အားပေးစကား ပြောကြား

ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူး တပ်မြို့ရှိ တပ်မတော် ဆေးရုံ၌ တက်ရောက် ကုသမှု ခံယူလျက် ရှိသည့် အရာရှိ၊ စစ်သည် များအား ရင်းရင်နှီးနှီး အားပေးစကား ပြော ကြားစဉ်။

မိုးညှင်းမြို့၌ အခွန်ပညာပေးရှင်းလင်းပွဲ ကျင်းပ

မိုးညှင်း မေ ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့၌ အခွန်ပညာပေး ရှင်းလင်းပွဲကို မေ ၂၆ ရက်က စုပေါင်းရုံးရှိ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အမှာစကားပြောကြားပြီး ပြည်နယ် အခွန်ဦးစီးမှူးက အခွန်ဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ရှင်းလင်း ပြောကြားသည်။

ထို့နောက် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန ဦးစီးမှူးက ပြန်လည်ဖြည့်စွက် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ရွှေမိုးညင်း

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စာမျက်နှာ ၆ မှ

တစ်ပါတည်းဆောင်ရွက်ရသည်။ အလားတူ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကဲ့သို့သော သင်တန်းကျောင်းများတွင် EV သင်တန်းများကို အရည်အသွေးပြည့်မီစွာဖွင့်လှစ်၍ ကျွမ်းကျင် ပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

EV များသည် သုံးစွဲသူများအတွက် အားသာချက်များစွာရှိသည်။ အဓိကအားဖြင့် လျှပ်စစ်ဓာတ်အားကိုသာ အသုံးပြုခြင်းကြောင့် ကားတစ်စီး၏ အသုံးစရိတ်သည် အခြားမော်တော်ယာဉ်တစ်စီး၏ ဓာတ်ဆီအသုံးစရိတ်ထက် ပို၍သက်သာသည်။ ပြုပြင်ထိန်းသိမ်းမှုစရိတ်လည်း သက်သာသည်။ EV များသည် မြန်မာနိုင်ငံတွင် အဦးအစ ဖွံ့ဖြိုးလာခြင်းဖြစ်သည့်အတွက် ဘက်ထရီသက်တမ်း၊ မီးဘေးအန္တရာယ်နှင့် ရေရှည်ကုန်ကျစရိတ် ချွေတာနိုင်မှုတို့နှင့်ပတ်သက်ပြီး သုံးစွဲသူများအကြား စိုးရိမ်ပူပန်မှုများ၊ အယူအဆအမှားများကို ကျော်လွှားနိုင်ရန် အသိပညာပေးလုပ်ငန်းများလည်း လိုအပ်နေသည်။

လျှပ်စစ်သုံးယာဉ် (EV) သုံးစွဲသူများက နိုင်ငံတော်အနေဖြင့် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ဆိုလာစွမ်းအင်သုံး အားသွင်းရုံ (Solar-Powered Charging Stations) များ နိုင်ငံအနှံ့ တည်ရှိလာရေးကို မျှော်လင့်ကြသည်။ After-Sales Service ဝန်ဆောင်မှု ပိုမိုကောင်းမွန်လိုကြသည်။ သုံးစွဲသူများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်၍ အတိုးနှုန်းသက်သာသော လျှပ်စစ်ယာဉ်ချေးငွေ (Green Loans) စနစ်များလည်း ပေါ်ပေါက်စေလိုကြသည်။

လက်ရှိမြန်မာနိုင်ငံတွင် EV သုံးစွဲမှုအခြေအနေကို လေ့လာကြည့်သည့်အခါ ကုန်းလမ်းပို့ဆောင်ရေးယာဉ်ကြားမှုဦးစီးဌာန၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်ထိ စာရင်းအရ EV အစီးနှစ်သောင်း ခုနစ်ထောင်ကျော်ရှိကြောင်း သိရသည်။ တိုးတက်သုံးစွဲမှု ရှိလာသည်။ မြန်မာ့ EV မူဝါဒသည် အစကောင်းခဲ့သည်။ ရေရှည်အောင်မြင်ရန်အတွက် နိုင်ငံတော်က ချမှတ်သည့် မူဝါဒအတိုင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမှ ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်ကြီးများ၏ စုပေါင်းအားဖြင့် ဆက်လက်ချီတက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❐ ❐ ❐

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း

ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၂၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အောင်ဆန်းခန်းမ၌ ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အမှာစကားပြောကြားရာတွင် တပ်မတော်အတွက် အရေးပါသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးလျက်ရှိသည့် ဗထူးတပ်မြို့မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗထူးတပ်နယ်ရှိ သင်တန်းကျောင်းများမှ သင်တန်းနည်းပြများ၏ စေတနာထား လေ့ကျင့်သင်ကြားပေးမှုများကို အသိအမှတ်ပြုပါကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ ဓာတ္တုညီသည့် နိုင်ငံရေးစနစ်များကျင့်သုံးကြသည့် အင်အားကြီး နိုင်ငံနှစ်ခုအကြားတွင်တည်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံရေး၊ လူမျိုးရေးကို အကြောင်းပြု၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပြီး လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါလက်နက်ကိုင်သောင်းကျန်းမှုများအား တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် လက်တွဲ၍ အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများတွင် နိုင်ငံရေးအမြင်ကွဲလွဲမှုအပေါ် အခွင့်ကောင်းယူကာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်အဖွဲ့များသည် ဒေသအလိုက် အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် အချို့ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်မှုများ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် တပ်ရင်းတပ်ဖွဲ့များရှိ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုများနှင့် အတူတကွပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာခဲ့ကြောင်း။

စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အဓိကလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို တပ်မတော်က ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်သည့်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝသော ပြည်သူ့ကာကွယ်ရေးတို့ဖြင့် အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြိုးစိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန် လိုကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံတော်မပြိုကွဲရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၌ ကြုံတွေ့လာသော အခက်အခဲအမျိုးမျိုးကို အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက် ရှေ့ဆုံးက မားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့သည့် ကောင်းမြတ်သောအတိတ်သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့ တပ်မတော်သားများသည် သစ္စာလေးချက် ဦးထိပ်ပန်ဆင်ကြသူများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိကြရန်လိုကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်မိသားစုဝင်များအနေဖြင့်လည်း မိမိအကျိုး၊ မိသားစုအကျိုး၊ မိမိအဖွဲ့အစည်းအကျိုးအတွက် ပါရမီဖြည့်ဖက်ကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန် လိုကြောင်း၊ ထို့ပြင် မိသားစုဝင်များအနေဖြင့် မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှုန်းအဖြုန်းကို ခွဲခြားသိရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဗထူးဒေသသည် စိုက်ပျိုးဖြစ်ထွန်းသည့် မြေအမျိုးအစားဖြစ်သည့်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးများကို ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့၏ သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကို အထူးအလေးထား အားပေးလျက်ရှိပြီး ကျောင်းနေအရွယ်ကလေးငယ်တိုင်း KG+9 အထိ မသင်မနေရ ပညာသင်ကြားရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်သား မိသားစုဝင်များအနေဖြင့် မိမိတို့၏ သားသမီးများကို ပေးနိုင်သည့်အမွေသည် ပညာအမွေသာဖြစ်သည့်အတွက် ပညာတတ်များဖြစ်အောင် အလေးထားဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရေတာရှည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

ရေတာရှည် မေ ၂၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ နေ့ချင်းပြီးဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ပြည်သူများအားပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၉

လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/၈လ

ပဲခူးမြို့၌ MSMEs အေဂျင်စီမှကြီးမှူးကျင်းပသည့် ထုပ်ပိုးမှုဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ပဲခူး၊ မေ ၂၉

ပဲခူးတိုင်းဒေသကြီး MSMEs အေဂျင်စီမှ ကြီးမှူးကျင်းပသည့် ထုပ်ပိုးမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် Machine City Co., Ltd. မှ ဦးရဲမြင့်ဦး၊ Greenovation Packaging Solution မှ ဦးသီဟနှင့် Metta Myae Co., Ltd. မှ စဝေဇင်အောင်တို့က ထုပ်ပိုးမှုဆိုင်ရာသိကောင်းစရာများနှင့် ကုန်အမှတ်တံဆိပ်ဖိတီထွင်ဖန်တီးမှုဆိုင်ရာ ဒီဇိုင်းများ ရေးဆွဲခြင်းတို့ကို ရှင်းလင်း ဆွေးနွေးပြောကြားရာ ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ အရည်အသွေးပြည့်မီစွာ ထုပ်ပိုးနိုင်ရေးအတွက် ခင်းကျင်းပြသထားသည့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများနှင့် ထုပ်ပိုးမှု နမူနာပစ္စည်းများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ဝဲပို့)

တိုင်းဒေသကြီး(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ပြီး ဆုများချီးမြှင့်

ပုသိမ် မေ ၂၉

တိုင်းဒေသကြီးအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဂါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဂုဏ်ထူးဆောင်ဆု၊ စံပြကျေးရွာဆုနှင့် ဂုဏ်ပြုဆုရရှိသည့် ကျေးရွာများကို ဆုများချီးမြှင့်ကာ (ယာပုံ) တိုင်းဒေသကြီးအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခဲ့မှုမှတ်တမ်းများနှင့် ခရိုင်အလိုက် ပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးသို့ရောက်ရှိ၍ တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

တောင်ကြီး မေ ၂၉

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ရှမ်းပြည်နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှတ်(၁/၂/၉) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအဖွဲ့၊ တိုးနရားအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒေါ်ခင်သိန်းခန်းမ၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုကျင်းပရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ကမ္ဘာ့အဆင့်မီပညာရည်” သီချင်းဖြင့် ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အခမဲ့ပုံနှိပ်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများပေးအပ်၍ **(အပေါ်ပုံ)** ခင်းကျင်းပြသထားသော ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ညောင်ရွှေ၌ လူမှုစီးပွားဘဝမြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

ညောင်ရွှေ မေ ၂၉

ညောင်ရွှေမြို့နယ် သမဝါယမဦးစီးဌာနက လူမှုစီးပွားဘဝမြှင့်တင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြေပြင်ကွင်းဆင်းခြင်းကို ယနေ့နံနက်က အင်းလေးဒေသ မင်းချောင်း (နောက်) ကျေးရွာ၌ဆောင်ရွက်ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် (သက်တန့်ရောင်) စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက မိုးစပါးအထွက်တိုးမျိုးများ စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာသွင်းအားစုများ အချိန်မီရရှိနိုင်ရေးကိစ္စရပ်များ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

စိုင်းအယ်ဘဲ

တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

ဟားခါး မေ ၂၉

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီဝင် ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ယနေ့နံနက် ၁၀ နာရီတွင် တွန်းဇံမြို့ပေါ်ရှိ အစိုးရပိုင် အဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွန်းဇံမြို့ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေး ခန်းမဆောင်၌ ကျင်းပသည့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ယခုကဲ့သို့လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ တွန်းဇံမြို့နယ်တွင် အုပ်ချုပ်မှုယန္တရား စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးမှု အားကောင်းလာအောင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် တွန်းဇံမြို့ ပြန်လည် တည်ဆောက်ရေး အတွက် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အိမ်ထောင်စု ၃၉ စု၊ လူဦးရေ ၂၆၅ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်းများ **(အောက်ပုံ)** နှင့် နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ အတွက် ထောက်ပံ့ငွေကျပ် ၁၃၆ဈ၉၉၀၀ ကို ပေးအပ်ရာ ဒေသခံပြည်သူများ ကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကျန်းမာသောလူထု သာယာသောလူ့ဘောင် တိုးတက်သော နိုင်ငံတော်

ဒေါက်တာဇေယျာဝင်း

လူ့ဘောင်တစ်ခု တည်ဆောက်ရာတွင် အခြေခံအင်္ဂါရပ်တစ်ခုမှာ ကျန်းမာသောလူထုပင် ဖြစ်သည်။ လူထုကျန်းမာမှသာ အလုပ်အကိုင်၊ ပညာရေး၊ စီးပွားရေးတိုးတက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်။ သာယာသောလူ့ဘောင်ဆိုသည်မှာ လူမှုအသိုင်းအဝိုင်းတွင် ညီညွတ်မှု၊ အပြန်အလှန်ကူညီမှု၊ ဂရုစိုက်မှုတို့ဖြင့် တည်ဆောက်ထားသည့် လူမှုလောကကို ဆိုလိုသည်။

- **နိုင်ငံသားများ ကျန်းမာရေးကောင်းပြီး လူမှုရေးပဋိပက္ခများ နည်းပါးသည့်အခါ အစိုးရအနေဖြင့် ဆေးဝါးကုသမှု၊ ရာဇဝတ်မှုနှိမ်နင်းရေး စသည်တို့အတွက် ငွေကြေးအမြောက်အမြား သုံးစွဲရမှုလျော့ကျကာ တစ်ဖက်တွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ စက်မှုလက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အခြေခံအဆောက်အအုံတည်ဆောက်ရေးများတွင် ပြောင်းလဲသုံးစွဲလာနိုင်မည် ဖြစ်ပါသည်။ ထိုနည်းတူ သာယာအေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် လူ့ဘောင်အဖွဲ့အစည်းရှိခြင်းသည် ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်း ပေါများလာပြီး နိုင်ငံတော်၏ စီးပွားရေး(GDP) တိုးတက်လာနိုင်**
- **ပြည်သူတစ်ဦးချင်းစီအနေဖြင့် စည်းကမ်းရှိပြီး ကြံ့ခိုင်သည့် ကျန်းမာသောလူမှုဘဝများ တည်ဆောက်ခြင်းအားဖြင့် အချင်းချင်းစာနာ၊ စည်းလုံး၊ ငြိမ်းချမ်းခြင်းကို ဖော်ဆောင်နိုင်သော သာယာသည့်လူ့ဘောင်တစ်ရပ် ပေါ်ထွန်းလာမည်**

တိုးတက်သော နိုင်ငံတော်သည် ကျန်းမာသောလူထုနှင့် သာယာသော လူ့ဘောင်တို့ပေါ်တွင် အခြေခံထားသည်။ စီးပွားရေးတိုးတက်မှု၊ နည်းပညာဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံတိုးချဲ့မှုတို့က နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အဓိက အခန်းကဏ္ဍများဖြစ်သည်။ အစိုးရ၊ လူထုနှင့် လူမှုအဖွဲ့အစည်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှသာ တိုးတက်မှုကို အောင်မြင်စွာရရှိနိုင်မည်။

ကျန်းမာသောလူထု

ကျန်းမာသောဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့အတွက် ငွေကြေးအမြောက်အမြား အကုန်အကျခံနေစရာမလိုပါ။ ကျွန်ုပ်တို့၏ နေ့စဉ်နေထိုင်မှုပုံစံများကို နည်းမှန်လမ်းမှန် ပြောင်းလဲပေးရုံဖျန့်ဝေနှင့်ပင် ရရှိနိုင်ပါသည်။ ကိုယ်စိတ်နှစ်ပါးစလုံး ကျန်းမာရွှင်လန်းစေရန်အတွက် အခြေခံအကျဆုံးအချက်များအနေဖြင့် -

(၁) မျှတအောင် စားသောက်ပါ။ နေ့စဉ်စားသုံးသည့် အစားအစာများတွင် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း (အသား၊ ငါး၊ ပဲ)၊ ဗီတာမင်နှင့် သတ္တုဓာတ် (ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ)များ မျှတစွာ ပါဝင်ပါစေ။ အဆီအအိမဲ့၊ အချိုနှင့် ဆား (အငန်) လွန်ကဲသော အစားအစာများကို တတ်နိုင်သမျှ လျှော့စားပါ။ ရေဓာတ်ဖြည့်တင်းပေးရန်လည်း မမေ့ပါနှင့်။ တစ်နေ့လျှင် ရေအနည်းဆုံး ရှစ်ခွက် သို့မဟုတ် နှစ်လီတာခန့် သောက်သုံးပေးပါ။

(၂) ပုံမှန်ကိုယ်လက်လှုပ်ရှားမှုလုပ်ပါ။ တစ်နေ့လျှင် အနည်းဆုံး မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း သို့မဟုတ် မိမိနှစ်သက်သော အားကစားတစ်ခုခုကို တစ်ပတ် ငါးရက်ခန့် ပုံမှန်လုပ်ပေးပါ။ အကျိုးကျေးဇူးအနေဖြင့် နှလုံးနှင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေပြီး ကိုယ်အလေးချိန်ကို ထိန်းညှိပေးပါသည်။

(၃) အိပ်ရေးဝ အိပ်စက်ပါ။ လူကြီးတစ်ယောက်အတွက် တစ်ညဉနှစ်နာရီမှ ရှစ်နာရီအထိ အိပ်စက်ရန် လိုအပ်ပါသည်။ အိပ်ရေးဝ အိပ်စက်ခြင်းက ခန္ဓာကိုယ်၏ဆဲလ်များကို ပြုပြင်ပေးပြီး နောက်တစ်နေ့အတွက် အားအင်ပြည့်ဝစေသည့်အပြင် ကိုယ်ခံအားစနစ်ကိုလည်း မြှင့်တင်ပေးပါသည်။

(၄) စိတ်ဖိစီးမှုကို လျှော့ချပါ။ "စိတ်ကျန်းမာမှ ကိုယ်ကျန်းမာမယ်" ဆိုသကဲ့သို့ စိတ်ဖိစီးမှုတွေကို တတ်နိုင်သမျှ လျှော့ချရပါမည်။ တရားထိုင်ခြင်း၊ အသက်ပြင်းပြင်းရှူခြင်း၊ ဝါသနာပါသောအလုပ် (စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်း) များလုပ်ပြီး စိတ်ကို အပန်းဖြေပေးသင့်ပါသည်။

(၅) မကောင်းသော အလေ့အထများကို ရှောင်ကြဉ်ပါ။ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းနှင့် ကွမ်းယာစားခြင်းစသည့် ကျန်းမာရေးကို ထိခိုက်စေသော အပြုအမူများကို လုံးဝ (သို့မဟုတ်) တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

သာယာသော လူ့ဘောင်

သာယာသော လူ့ဘောင်ဆိုသည်မှာ လူသားအားလုံး အေးချမ်းစွာ၊ စိတ်ချလုံခြုံစွာဖြင့် အတူတကွအကျိုးပြုနေထိုင်သည့် လူသားလောက တစ်ခုကို ဆိုလိုခြင်းပါ။ သာယာသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုဖြစ်တည်လာဖို့ဆိုလျှင် အစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်း အပေါ်မှာသာ မူတည်နေခြင်းမဟုတ်ဘဲ ကျန်ုပ်တို့တစ်ဦးချင်းစီ၏ အလေ့အထ၊ စိတ်နေသဘောထားမှ စတင်ရခြင်းဖြစ်ပါသည်။ "တစ်ဦးချင်းစီရဲ့ကျန်းမာရေး" ကိုယ်စိတ်နှစ်ပါး ကျန်းမာမှုမှတစ်ဆင့် "သာယာသော လူ့ဘောင်"ကို ကောင်းမွန်စွာ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

တစ်ဦးချင်းကျန်းမာခြင်းမှသည် အများကျန်းမာခြင်းသို့

လူတစ်ဦးချင်းစီက ကိုယ်ခန္ဓာကျန်းမာပြီး စိတ်ဓာတ်ကြံ့ခိုင်နေသည့်အခါ လူမှုပတ်ဝန်းကျင်ကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေနိုင်တော့ပါ။ ကျန်းမာသည့်လုပ်သား၊ ကျန်းမာသည့် မိဘ၊ ကျန်းမာသည့် ကျောင်းသားများက မိသားစုနှင့် ပတ်ဝန်းကျင်အတွက် ပိုမိုစွမ်းဆောင်ရည် မြင့်မားသော အင်အားစုများဖြစ်လာပြီး တစ်မျိုးသားလုံး၏ ကုန်ထုတ်စွမ်းအားကို တိုးတက်စေနိုင်ပါသည်။

စိတ်ကျန်းမာရေးမှသည် အကြမ်းဖက်မှုကင်းစင်ရေးသို့

စိတ်ဖိစီးမှုနည်းပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာအေးချမ်းသူများက ဒေါသ၊ မနာလိုမှုနှင့် အမုန်းတရားများကို ပိုမိုထိန်းချုပ်နိုင်စွမ်း ရှိကြပါသည်။ စိတ်ကျန်းမာသော လူမှုဝန်းကျင်တစ်ခုမှာ ရန်လိုမှု၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခများ လျော့နည်းသွားပြီး အချင်းချင်းစာနာ နားလည်ပေးနိုင်သော "သာယာသော လူ့ဘောင်" ကို အလိုအလျောက် ပုံဖော်ပေးပါသည်။

စည်းကမ်းရှိသောကျန်းမာရေးအလေ့အထမှသည် တာဝန်သိစိတ်သို့

မိမိကိုယ်မိမိ ကျန်းမာစေရန် အစားအသောက်၊ အိပ်စက်မှုနှင့် နေထိုင်မှုပုံစံများကို စည်းကမ်းတကျ ထိန်းကျောင်းနိုင်သူများက လူမှုပတ်ဝန်းကျင်၏ စည်းကမ်းများကိုလည်း လိုက်နာဖို့ ပိုမိုလွယ်ကူပါသည်။ ဥပမာ- မိမိကျန်းမာရေးအတွက် သန့်ရှင်းမှုကို တန်ဖိုးထားသူသည် လမ်းပေါ်အမှိုက်မပစ်ခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမလုပ်ခြင်း စသည့် လူထုစည်းကမ်းများကိုတာဝန်သိသိလိုက်နာတတ်လာပါသည်။

အပြန်အလှန်ဖေးမမှုဖြင့် လူမှုကွန်ရက်ခိုင်မာစေခြင်း

ကျန်းမာသော လူမှုဘဝဆိုသည်မှာ တစ်ကိုယ်ကောင်းဆန်ခြင်းမျိုးမဟုတ်ပါ။ မိမိလည်း ကျန်းမာ၊ ပတ်ဝန်းကျင်ကိုလည်း ကျန်းမာပျော်ရွှင်အောင် မျှဝေကူညီခြင်း (ဥပမာ- သွေးလှူဒါန်းခြင်း၊ အားကစားလှုပ်ရှားမှုများ အတူလုပ်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ခြင်း) တို့မှတစ်ဆင့် လူအချင်းချင်း ရိုင်းပင်းသော ခိုင်မာသည့် လူ့ဘောင်တစ်ခု ဖြစ်စေနိုင်ပါသည်။

တိုးတက်သောနိုင်ငံတော်

လူတစ်ဦးချင်းစီ၏ ကျန်းမာရေး ကောင်းမွန်မှုမှတစ်ဆင့် လူ့ဘောင်အဖွဲ့အစည်း သာယာဝပြောကာ တိုးတက်သောနိုင်ငံတော် အဖြစ် ပုံဖော်တည်ဆောက်နိုင်ပါသည်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာသည့် သာယာသော လူ့ဘောင်တွင် ကြီးပြင်းလာသည့် နိုင်ငံသားများအနေဖြင့် တီထွင်ဖန်တီးနိုင်စွမ်းနှင့် ကုန်ထုတ်စွမ်းအား အလွန်မြင့်မားကြပါသည်။ ပညာရေး၊ နည်းပညာ၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ဉာဏ်ပညာရှိပြီး ဒေါင်ဒေါင်မြည် လူသားအရင်းအမြစ် အများအပြား ပေါ်ထွက်လာနိုင်ခြင်းကြောင့် နိုင်ငံတော်ကို အရှိန်အဟုန်ဖြင့် တိုးတက်စေပါသည်။

ထို့အပြင် နိုင်ငံသားများ ကျန်းမာရေးကောင်းပြီး လူမှုရေးပဋိပက္ခများ နည်းပါးသည့်အခါ အစိုးရအနေဖြင့် ဆေးဝါးကုသမှု၊ ရာဇဝတ်မှုနှိမ်နင်းရေး စသည်တို့အတွက် ငွေကြေးအမြောက်အမြား သုံးစွဲရမှု လျော့ကျကာ တစ်ဖက်တွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ စက်မှုလက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးများတွင် ပြောင်းလဲသုံးစွဲလာနိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူ သာယာအေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် လူ့ဘောင်အဖွဲ့အစည်းရှိခြင်းသည် ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်း ပေါများလာပြီး နိုင်ငံတော်၏ စီးပွားရေး (GDP) တိုးတက်လာနိုင်ပါသည်။

အားလုံးလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်

နိုင်ငံတော်အစိုးရက ပြည်သူများ၏ လူနေမှုဘဝနှင့် ကျန်းမာရေးကို ဘက်စုံမြှင့်တင်နိုင်ရန် အားလုံးလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုစနစ် (Universal Health Coverage) ကို တိုးချဲ့အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ပြည်သူတစ်ဦးချင်းအနေဖြင့် ကျန်းမာရေးအတွက် စိုက်ထုတ်သုံးစွဲရငွေသက်သာစေရန် ဆေးဝါးနှင့်ဆေးပစ္စည်းများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခြင်း၊ ပြည်သူလူထုအကြားသို့ အခါအားလျော်စွာ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ခြင်းနှင့် ဝေးလံဒေသများသို့ အထူးကုဆရာဝန်များပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့များ စေလွှတ်ခြင်းဖြင့် ပြည်သူလူထုအတွက် အထူးဆေးကုသမှုများ လက်လှမ်းမီစေရန် စီစဉ်ဆောင်ရွက်ခြင်း၊ ဆရာဝန်နှင့် သူနာပြုများ၏ စွမ်းရည်ကို မြှင့်တင်ပေးပြီး လစာ၊ ခံစားခွင့်များ တိုးမြှင့်ပေးခြင်း၊ သင်တန်းကျောင်းများ၊ တက္ကသိုလ်များ၏ သင်ကြားမှုစနစ်များ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူပင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပိုမို တိုးတက်စေရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စားသောက်ကုန်နှင့် တိုင်းရင်းဆေးအပါအဝင် ဆေးဝါးများ ဘေးကင်းစေရန် စစ်ဆေးကြပ်မတ်ခြင်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိပါသည်။ ထိုနည်းတူ သန့်ရှင်းသော သောက်သုံးရေများရရှိစေရန် တိုးမြှင့်စီမံခြင်း၊ အခွိုက်နှင့်မိလ္လာစနစ် အဆင့်မြှင့်တင်ခြင်း၊ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ ကိုယ်လက်လှုပ်ရှားနိုင်ရန် ပန်းခြံများ၊ ကစားကွင်းများနှင့် အများသုံး အားကစားကွင်းများကို တိုးချဲ့တည်ဆောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

'အမြစ်ခိုင်မှအပင်လှ' ဆိုသလိုပင်၊ "သာယာသောလူ့ဘောင်"သည် မိုးကောင်းကင်မှ ကျလာခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့တစ်ဦးချင်းစီ၏ "ကျန်းမာပျော်ရွှင်သော နေထိုင်မှုပုံစံ"များ စုစည်းရာမှတစ်ဆင့် ဖြစ်တည်လာသောရလဒ်ပင် ဖြစ်ပါသည်။ မိမိကိုယ်ကို ကျန်းမာအောင် နေထိုင်ခြင်းကပင် လူ့ဘောင်အဖွဲ့အစည်းကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေခြင်း ဖြစ်ပါသည်။ "ကျန်းမာသောလူမှုဘဝမှသည် သာယာသောလူ့ဘောင်သို့၊ ထို့မှသည် တိုးတက်သော နိုင်ငံတော် တည်ဆောက်ရေး"ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ အကျိုးအကြောင်း ခိုင်လုံသည့် အဆင့်ဆင့်သော မျှော်မှန်းချက်ပင်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ ပြည်သူတစ်ဦးချင်းစီအနေဖြင့် စည်းကမ်းရှိပြီး ကြံ့ခိုင်သည့် ကျန်းမာသောလူမှုဘဝများ တည်ဆောက်ခြင်းအားဖြင့် အချင်းချင်း စာနာ၊ စည်းလုံး၊ ငြိမ်းချမ်းခြင်းကို ဖော်ဆောင်နိုင်သော သာယာသည့်လူ့ဘောင်တစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ကို ဦးတည်နိုင်မည်ဖြစ်ပါသည်။ ပြည်သူများ၏ ကိုယ်စိတ်ကျန်းမာရေးဆိုသည့် အခြေခံအုတ်မြစ်မှသည် တိုးတက်သောနိုင်ငံတော်ကို တည်ထောင်နိုင်ရန်အလို့ငှာ ပြည်သူ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရတို့ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့။ ။

ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာ ဝန်ကြီးဌာန (Ministry of Agriculture and Rural Affairs-MARA)က ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၂၇ ရက်မှ ၂၈ ရက်အထိ Beijing International Convention Center တွင် ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum) သို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong နှင့် ပါတီအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Agriculture and Rural Affairs မှ ဝန်ကြီး H.E. Mr. ZHANG Zhu၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ လိုက်ဘေးရီးယား၊ မွန်ဂိုလီးယား၊ မိုဇမ်ဘစ်၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ဥဇဘက်ကစ္စတန်၊ အိုင်ဗရီကို့စ်တို့အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာန(IPRCC)မှ ကိုယ်စားလှယ်များ၊ UN အဖွဲ့အစည်း ကိုးခုမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံ တက္ကသိုလ်များမှ ပါမောက္ခများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ထို့နောက် ပထမအကြိမ် ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက်အဖွဲ့အစည်း ကော်မတီအစည်းအဝေးကို ကျင်းပရာ “ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်း” (Global Partnership for Poverty Reduction and Development Alliance) ကို တရားဝင် တည်ထောင်ကြောင်း ကြေညာခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်း တည်ထောင်ရခြင်း ရည်ရွယ်ချက်မှာ အပြန်အလှန် လေးစားမှုနှင့် ပူးပေါင်းအကျိုးရှိရေးကို အခြေခံကာ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အတွေ့အကြုံဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပြီး အဆိုပါအစည်းအဝေးတွင် GPPAD Charter၊ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း၊ GPPAD Action Plan တို့ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖိုရမ်အား ခေါင်းစဉ် လေးခုခွဲ၍ Parallel Sessions ကျင်းပရာ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက အုပ်စုခွဲ၍ ခေါင်းစဉ်အသီးသီးဖြင့် မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက Sub-Forum 3: Social Equity and Inclusive Development ကဏ္ဍ၌ မိန့်ခွန်းပြောကြားရာ မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဆင်းရဲမှုလျှော့ချရေးကို အားပေးကြောင်း ထပ်လောင်း အတည်ပြုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းကာ ဆင်းရဲမှုလျှော့ချရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်ရေး ပတ်ဝန်းကျင်တည်ဆောက်သွားမည် ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

မေ ၂၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ သည် ပေကျင်းမြို့ ပင်းကူးခရိုင်သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆောင်ရွက်ထားသော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီစိုက်ပျိုးရေး၊ သန့်ရှင်းသော စွမ်းအင်အသုံးပြုမှုနှင့် လူနေမှုဘဝ မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းများကို လေ့လာကြည့်ရှုသည်။

ထို့ပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှုနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးစနစ်များကို ကြည့်ရှု လေ့လာခဲ့ပြီး ကျေးလက်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အတွေ့အကြုံများနှင့် အောင်မြင်မှုများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံမှ ပင်လယ်ကူးသင်္ဘောသားများ အမိမြေပြန်လည်ရောက်ရှိချိန်တွင် MSME များ၌ ပါဝင်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၉

စက်မှုနှင့် အသေးစား၊ အလတ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့အစားရုံးအမှတ် (၃၀) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ဖြည့်ဆည်းပံ့ပိုးပေးမည်

တွေ့ဆုံစဉ် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအဖွဲ့ချုပ်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပင်လယ်ကူးသင်္ဘောသားမှ စီးပွားရေးလုပ်ငန်းရှင်အဖြစ် အစီအစဉ်တစ်ရပ် ဖော်ဆောင်ပြီး စီးပွားရေးလုပ်ငန်းရှင်ဖြစ်မြောက်ရေး သင်တန်းများ၊ MSME ပြုစုပျိုးထောင်ရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အကြံပေးခြင်း၊ အသေးစား စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီး ရရှိအောင် ကူညီခြင်းနှင့် ကုန်သွယ်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းများကို ဖြည့်ဆည်း ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ကဏ္ဍအလိုက် ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

သတင်းစဉ်

နွေရာသီ အခြေခံရေကူးသင်တန်း အမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်းပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

နေပြည်တော် မေ ၂၉

အားကစားရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အခြေခံရေကူးသင်တန်း အမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသက်(၁၆)နှစ်အထက် အမျိုးသား/အမျိုးသမီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အသက်(၁၂)နှစ်အထက်နှင့် (၁၂) အောက် အမျိုးသား/အမျိုးသမီး သင်တန်းသား သင်တန်းသူများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ကြသည့် သင်တန်းသား သင်တန်းသူများကို ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ရေကူးခွင့် Member Card များကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် အားကစားရေးရာ ဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည့် Nay Pyi Taw Amateur & Junior Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ပြိုင်ပွဲသို့ ဝါသနာရှင်အဆင့် အားကစားသမား ၈၀၊ Junior အဆင့် ကစားသမား ၅၀ စုစုပေါင်း ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မေ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

ကချင်ပြည်နယ်ဝန်ကြီးချုပ် သဘာဝမြေဩဇာ(ပိုက်ဆံလျော့)အသုံးပြုခြင်း ကွင်းသရုပ်ပြပွဲနှင့် တောင်သူများအား MPE ထုတ် မြေဩဇာဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနေမှု ကြည့်ရှုအားပေး

မြစ်ကြီးနား မေ ၂၉

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းက တောင်သူအသိပညာပေး သဘာဝမြေဩဇာ (ပိုက်ဆံလျော့) အသုံးပြုခြင်း ကွင်းသရုပ်ပြပွဲနှင့် တောင်သူများအား MPE ထုတ် မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြစ်ကြီးနားမြို့နယ်အတွင်းရှိ တောင်သူများအား မိုးစပါးမျိုးစေ့အိတ်များ၊ ယူရီးယားဓာတ်မြေဩဇာအိတ်များ၊ ရွက်ဖျန်းမြေဩဇာ၊ ဂျစ်ဆန်မြေဩဇာများနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့အိတ်များကို ပေးအပ်ကာ ဗလမင်းထင်စံပြကွင်း၊ မန်ခိန်ကွင်းနှင့် တပ်ကုန်းကွင်းတို့အတွင်း မိုးစပါးစိုက်ပျိုးချိန်အမီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူအသိပညာပေး စိုက်ပျိုးထားသည့် သဘာဝမြေဩဇာ(ပိုက်ဆံလျော့)ပင်များကို ထွန်စက်များဖြင့် ထယ်ထိုးမြေမြှုပ်ခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။(အပေါ်ပုံ)

ယင်းနောက် မန်ခိန်ရပ်ကွက်အတွင်းရှိ ပျိုးခင်းအတွင်း ခြံစိုက်တောင်သူများကို အသိပညာပေး စိုက်ပျိုးထားသည့် အာရေးဗီးကားကော်ဖီပျိုးပင်များပျိုးထောင်ထားမှုနှင့် ကော်ဖီပင်များ၊ မြစ်ကြီးနား မြို့နယ်အတွင်းရှိ တောင်သူများအား MPE ထုတ် ယူရီးယားဓာတ်မြေဩဇာအိတ်များကို ပိုမိုချိုသာသော ဈေးနှုန်းဖြင့် တောင်သူတစ်ဦးလျှင် တစ်အိတ်နှုန်းဖြင့် ရောင်းချပေးနေမှုနှင့် ဂိုဒေါင်အတွင်း ခရိုင်၊ မြို့နယ်များသို့ ဖြန့်ဝေပေးလျက်ရှိသည့် ဓာတ်မြေဩဇာအိတ်များ စုဆောင်းသိလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

မော်လမြိုင်မြို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

နေပြည်တော် မေ ၂၉

မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကား ပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသော လူမှုအသိုက်အဝန်း ဖန်တီးဖော်ဆောင်ရန်မှာ နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးပြောပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းခေါင်းဆောင်၍ မွန်ပြည်နယ်အစိုးရအဖွဲ့၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

ပုသိမ်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းဟောပြောပွဲကျင်းပ

ပုသိမ်ကြီး မေ ၂၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မေတ္တာစံအိမ်မင်္ဂလာခန်းမ၌ မေ ၂၆ ရက်က မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှ ကျင်းပသော အခွန်ဆိုင်ရာသိကောင်းစရာ ပညာပေးရှင်းလင်းဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွဋ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဟောပြောကာ ဟောပြောပွဲသို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် လုပ်ငန်းရှင်များ စုစုပေါင်း၁၅၀ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။မြို့နယ်(ပြန်/ဆက်)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မေ ၂၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ မိုး/ဇလ

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

နေပြည်တော် မေ ၂၉

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြေးခုန်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မေ ၂၃ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခိုလမ်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ (၆)မိုင်ကျေးရွာရှိ မဟာရတနာဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာရှိ ဒေသခံပြည်သူ ၁၆၈ ဦးတို့ကို နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ မျက်စိရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား ခိုလမ်မြို့ရှိတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာကလူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၁ ဦးတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။သတင်းစဉ်

မြန်မာကျောင်းသား လူငယ်များကို မြောက်ဝင်ရိုးစွန်းသို့ အခမဲ့ (၁၀) ရက်ကြာ သိပ္ပံလေ့လာရေးခရီးစဉ်သွားရောက်ခွင့်ရမည့် "Icebreaker of Knowledge 2026" ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

နေပြည်တော် မေ ၂၉

ရုရှားနိုင်ငံ ROSATOM အဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် "Icebreaker of Knowledge 2026" နိုင်ငံတကာအဆင့် (၃) ကြိမ်မြောက် သိပ္ပံပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်အကြား ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲကို မေ ၅ ရက်မှ ဇွန် ၁၅ ရက်ကာလအတွင်း အဆင့်သုံးဆင့်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ရမှတ်အမြင့်ဆုံးဖြင့် အောင်နိုင်သူ ၁၀ ဦးသည် ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ရှုကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးဖြင့် မြောက်ဝင်ရိုးစွန်းသို့ (၁၀) ရက်ကြာ အခမဲ့သိပ္ပံလေ့လာရေးခရီးသွားရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၂၀၂၆ ခုနှစ် ဇွန် ၃ ရက် နောက်ဆုံးထား၍ တရားဝင်ဝက်ဘ်ဆိုက် https://goarctic.energy/ တွင် အွန်လိုင်းမှတစ်ဆင့် အခမဲ့စာရင်းသွင်းပြီး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများသည် အဆင့် (၁) အနေဖြင့် မေ ၅ ရက်မှ ဇွန် ၃ ရက်ကာလအတွင်း အွန်လိုင်းဉာဏ်စမ်းမေးခွန်း (Quiz) ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရာတွင် သိပ္ပံအခြေပြုဉာဏ်စမ်းပဟေဠိ (Quiz) ကို ဖြေဆိုရမည်ဖြစ်သည့်အပြင် မေးခွန်းအားလုံးဖြေဆိုကာ သတ်မှတ်ရမှတ်ရရှိသူများ အဆင့် (၂) သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း။

အဆင့် (၂) အနေဖြင့် မေ ၁၈ ရက်မှ ဇွန် ၃ ရက်ကာလအတွင်း Webinars ဆွေးနွေးပွဲများ တက်ရောက်ရမည်ဖြစ်ပြီး အဆင့် (၁) အောင်မြင်သူများသည် အာတိတ်ဒေသရေကြောင်းပို့ဆောင်ရေး ဘေးကင်းလုံခြုံစွာဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသည့် နည်းပညာများ အပါအဝင် Rosatom ၏ ဆန်းသစ်သော ဖြေရှင်းချက်များနှင့် ပတ်သက်သည့် အွန်လိုင်း Webinar များကို လေ့လာ၍ စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း။

အဆင့် (၃) အနေဖြင့် ဇွန် ၅ ရက်မှ ၁၅ ရက်ကာလအတွင်း ဗီဒီယို တင်ဆက်မှု (Video Presentation) ပြုလုပ်ရမည်ဖြစ်ပြီး အဆင့် (၁) နှင့် အဆင့် (၂) တို့တွင် စုစုပေါင်းရမှတ် အမြင့်ဆုံးရရှိသည့် နိုင်ငံများမှ ဆန်ခါတင် ၁၀ ဦးသည် နောက်ဆုံးအဆင့် လုပ်ဆောင်ချက်ခေါင်းစဉ်နှင့် သက်ဆိုင်သည့် ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကို "Video Business Card" (ဗီဒီယိုဖြင့် မိတ်ဆက်တင်ပြခြင်း) ပုံစံဖြင့် တင်ပြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲရလဒ်များကို ဇွန်လတွင် ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်မည့် ကမ္ဘာ့အဆင့်အထူးခရီးစဉ် လက်မှတ်ကို ဆွတ်ခူးရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်နှင့် ပတ်သက်၍ RAIN ကိုယ်ပိုင်အဖွဲ့အစည်းမှ ပြန်ကြားရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် အလက်ဇန္ဒားယူးစတပ်စ်က "ဗဟုသုတရေခဲခွဲသင်္ဘော (Icebreaker of Knowledge) စီမံကိန်းကို နိုင်ငံတကာအဆင့်အနေနဲ့ ကျင်းပတာ ဒါဟာ တတိယ အကြိမ်မြောက် ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၂ နိုင်ငံက ကလေးငယ်တွေဟာ ရှုကလီးယား စွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးနဲ့ မြောက်ဝင်ရိုးစွန်းဆီကို စိတ်လှုပ်ရှားဖွယ်ရာ ပညာပေးခရီးစဉ်နဲ့ စတင်ကြမှာပါ။ ၁၀ ရက်တာအတွင်းမှာ သူတို့ဟာ ထိပ်တန်းသိပ္ပံပညာရှင်တွေ၊ သိပ္ပံပညာ ပြန်ကြားရေးကျွမ်းကျင်သူတွေ၊ ဘလော့ဂါတွေနဲ့အတူ အာတိတ်ဒေသကို လေ့လာစူးစမ်းကြမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ ကမ္ဘာ့အမြင်ဆုံးအမှတ်ကို ရရှိဖို့အတွက်သာမက ဗဟုသုတအမြင်တွေ ကျယ်ပြန့်လာစေဖို့၊ မိတ်ဆွေသစ်တွေရရှိဖို့၊ စံချိန်သစ်တွေတင်နိုင်ဖို့နဲ့ ဝင်ရိုးစွန်းဝင်ဝံတွေကို မြင်တွေ့နိုင်ဖို့ အခွင့်အရေးတစ်ခု ဖြစ်ပါတယ်" ဟု ပြောကြားသည်။

သတင်းစဉ်

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀-၅-၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၂၂) တွင် ဆရာလေး ကိုအောင်မင်း၏ ကျိုးကြောင်းပြ ရှင်းပြချက်များကြောင့် ရွာသားများ၏ မလိုလားအပ်သော ကြောက်ရွံ့မှုများ ပပျောက်သွားပုံအကြောင်း သရုပ်ဖော်ထားသည့် "ထူးဆန်းတဲ့အိမ်ကြီး" မျက်နှာဖုံး ကာတွန်းမာရီယာနာ ချောက်ကမ်းပါးအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ကမ္ဘာ့အနက်ဆုံး ပင်လယ်ချောက်ကမ်းပါး" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးခွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဖားသတ္တဝါများ၏ ထူးခြားချက်များအကြောင်းကို ဗဟုသုတဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "ဖား" နှစ်မျက်နှာကာတွန်း၊ ကျောင်း၌ စာစီစာကုံး ဖြေရမည်ကို စိတ်စောနေမိသော လေးတန်း ကျောင်းသားတစ်ဦးအကြောင်း ဖတ်ရှုရမည့် "ကျွန်တော် လေးစားချစ်ခင်ရသော လူတစ်ယောက်" ဝတ္ထုကဏ္ဍ၊ အသက်ကြီးပြီဖြစ်သော ကြောင့် မေ့တတ်သည်ဆိုသော ဘွားဘွားနှင့် ဟန်သီမအကြောင်း သရုပ်ဖော်ထားသည့် "ဟန်သီမ" တစ်မျက်နှာ ဟာသကာတွန်း၊ ဝမ်းရောဂါမဖြစ်စေရန် ရှောင်ကြဉ်နိုင်မည့် နည်းလမ်းများအကြောင်း ရေးစပ်ထားသည့် ဆရာ မင်းရွှေမိုး၏ "ဝမ်းရောဂါ"ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ရာ တစ်စောင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၆ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် မေ ၂၉

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်းဖြင့် MSME လုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ရေး" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မေလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၆ ခုနှစ်မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညီ၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ - အင်္ဂလိပ်ဘာသာစကား)၊ မြင့်မောင် (Phil-Q) တို့၏ "ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်းဖြင့် MSME လုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ရေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညီယဉ်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အန်ကယ်စိုး၊ ကိုကျော်စွာ (ကျိုက်ပိ) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ခင်မောင်ဦမို့၏ အတွေးအခေါ်နှင့် တက်ကျွမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ ရဲထက်ဇော်၊ ကိုဇေယျာတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ကြည်လွင်ဦး (ရေနံ) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ စံမြတ်ဘုန်း (စစ်ကိုင်း) ၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) ၏ အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ အာကာကိုကို၊ ဒေါက်တာသိန်းဝင်း တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောဌေးမြင့်၊ စိန်ဝင်းမော်၊ ပါမောက္ခဦးသိန်းလှိုင်၊ မြသိန်း၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းနွယ်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို့နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၀၈-၅၅)၊ သင်ဃိကုန်းဈေး၊ နေပြည်တော်စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၊ ၀၁- ၈၃၀၁၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ လူနေအိမ် အဆောက် အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စိုက်ပျိုးရေးသုံး ပစ္စည်းသိုလှောင်ရုံများအား မေ၂၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးလောင်မှု/မီးလန့်မှု မဖြစ်ပွားစေရေး အသိပညာပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

အင်အားအနည်းငယ်ရှိ မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၉

၂၀၂၆ ခုနှစ် မေလ ၂၉ ရက်နေ့ မြန်မာစံတော်ချိန် ၁၈ နာရီ ၅၂ မိနစ် ၅၂ စက္ကန့် အချိန်တွင် တမူးမြေလျင်စခန်းမှ အနောက်တောင်ဘက် ၆၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တွန်းဇံမြို့၏ အနောက်-အနောက်တောင်ဘက် ၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၅၈ ဒီဂရီ၊ အနက် ၇၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၂ (M) အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေလျင် တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

အိုင္ဒုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

နာမည်ကျော်အန်ကောရှေးဟောင်းသုတေသနဥယျာဉ်ရှိ တောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရန် တိုက်တွန်း

ဖနောင်ပင် မေ ၂၉

APSARA အမျိုးသားအာဏာပိုင်အဖွဲ့(ANA)နှင့် ကမ္ဘောဒီးယား တောရိုင်းတိရစ္ဆာန် စောင့်ရှောက်ရေး (CWC) တို့က ကမ္ဘောဒီးယားအနောက်မြောက်ပိုင်း ဆီရမ်ရိပ်ပြည်နယ်ရှိ ယူနက်စကိုစာရင်းဝင် အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်၏ သဘာဝသစ်တောများအတွင်းရှိ တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ပေးရန် ဒေသခံများကို တိုက်တွန်းထားသည်ဟု ANA က မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ANA သည် အန်ကောရှေးဟောင်းသုတေသနဥယျာဉ်ကို စီမံခန့်ခွဲရန်၊ ကာကွယ်ပေးရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့် အစိုးရအေဂျင်စီတစ်ခုဖြစ်ကြောင်း သိရသည်။

ANA၊ CWCၤ သစ်တောဦးစီးဌာနနှင့် အမွေအနှစ် ကာကွယ်ရေးရဲတပ်ဖွဲ့က အန်ကောနယ်မြေကို စောင့်ကြည့်စစ်ဆေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကာကွယ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်နေသော်လည်း တောရိုင်းတိရစ္ဆာန်များကို ခိုးယူခြင်းနှင့် ထောင်ချောက်ဆင်ဖမ်းခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း ANA ၏ရေးသစ်တောနှင့်အခြေခံအဆောက်အအုံစီမံခန့်ခွဲရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Chou Radina က ပြောကြားသည်။

အန်ကောသို့ လာရောက်လည်ပတ်သည့် ခရီးသွားများသည် ရှေးဟောင်းဘုရားကျောင်းများကို မြတ်နိုးရုံသာမက တောရိုင်းတိရစ္ဆာန်များ တည်ရှိမှုကိုလည်း အသိအမှတ်ပြုလိုလားကြောင်း၊ တောရိုင်းတိရစ္ဆာန်များသည် သဘာဝနှင့် ဇီဝမျိုးစုံမျိုးကွဲများကို စိတ်ဝင်စားသည့် ခရီးသွားများကိုလည်း ဆွဲဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၄၀၁ စတုရန်းကီလိုမီတာရှိသည့် အန်ကော

ရှေးဟောင်းသုတေသနဥယျာဉ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ လူကြိုက်အများဆုံး ခရီးသွားနေရာတစ်ခု ဖြစ်ပြီး ၉ ရာစုမှ ၁၃ ရာစုအထိ တည်ဆောက်ခဲ့သည့် ရှေးဟောင်းဘုရားကျောင်း ၉၁ ခုရှိကြောင်း သိရသည်။

ဆင်ဟွာ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နီးကပ်လာပြီဖြစ်သည့်အတွက် အီဘိုလာကူးစက်မှုအန္တရာယ်ကြောင့် အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့က ခရီးသွားလာမှုဆိုင်ရာအစီအမံများကြေညာ

အော့တဝါ မေ ၂၉

အမေရိကန်၊ မက္ကဆီကိုနှင့်ကနေဒါနိုင်ငံတို့သည် အီဘိုလာဗိုင်းရပ်စ်ဖြစ်ပွားမှု အန္တရာယ်မြင့်မားသည့် အာဖရိကဒေသများမှ ပြန်လည် ရောက်ရှိလာသည့် ခရီးသွားများအတွက် ညှိနှိုင်းထားသည့် အများပြည်သူ ကျန်းမာရေးဆိုင်ရာ ခရီးသွားလာမှုအစီအမံများကို မေ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကနေဒါနိုင်ငံဆိုင်ရာ ကမ္ဘာ့ရေးရာဌာနက ထုတ်ပြန်သည့် ပူးတွဲကြေညာချက်အရ အဆိုပါ ဆောင်ရွက်မှုသည် နိုင်ငံသားများ အပြင် လာမည့် ၂၀၂၆ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ လာရောက်မည့် သန်းနှင့်ချီသည့်ခရီးသွားများ၊ ဧည့်သည်များနှင့် ပရိသတ်များ

ကို ကာကွယ်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ အစီအမံများသည် ၎င်းတို့၏နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှုများနှင့် ကူးသန်းရောင်းဝယ်ရေးကို ထိန်းသိမ်းရန် ရည်ရွယ်ကြောင်း မြောက်အမေရိကသုံးနိုင်ငံက ပြောသည်။ ဒေသတွင်း လူတစ်ဦးတစ်ယောက်ချင်းစီ၏ လုံခြုံရေးနှင့်ကျန်းမာရေးသည် ကျွန်ုပ်တို့၏ ဦးစားပေးအချက် ဖြစ်ကြောင်း သုံးနိုင်ငံ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ယူဂန်ဒါနှင့် တောင်ဆူဒန်တို့မှ ဒေသခံများ ရက်ပေါင်း ၉၀ အတွင်း ကနေဒါနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းကို ကနေဒါနိုင်ငံက ပိတ်ပင်ထားသည်။ အဆိုပါ တားမြစ်ချက်မှာ မေ ၂၇ ရက်က စတင်ခဲ့ခြင်းဖြစ်သည်။ ထိုပြင် အဆိုပါနိုင်ငံမှ ရောက်ရှိလာသူများကိုလည်း ရက်ပေါင်း ၂၁ ရက်ကြာ သီးခြားခွဲထားခွင့်ကို တောင်းဆိုထားသည်။ ဖီဖာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့က ဇွန် ၁၁ ရက်မှစတင်ကာ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည် ဖြစ်သည်။

ဆင်ဟွာ

ပိုလန်နိုင်ငံ၌ ကြီးမားသည့် တောမီးလောင်မှုဖြစ်ပွား

ဝါဆော မေ ၂၉

ပိုလန်နိုင်ငံ ဝါဆောမြို့ အရှေ့မြောက်ပိုင်း Miedzyles ၌ မေ ၂၈ ရက်က ကြီးမားသည့်တောမီးလောင်မှုဖြစ်ပွားရာ သစ်တောဖုံးလွှမ်းသောနယ်မြေ ဟက်တာ ၃၀ ကျော် မီးလောင်သွားပြီး အနီးနားမှ ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ပြည်တွင်းမီဒီယာတစ်ခုတွင် ဖော်ပြထားသည်။

မီးသတ်သမား ၄၀၀ ခန့်နှင့် ယာဉ် ၇၅ စီးက မေ ၂၈ ရက် ညနေပိုင်းတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ နောက်ထပ်မီးသတ်ယာဉ် ၂၀ နှင့် မီးသတ်သမားများက မီးလောင်မှုဖြစ်ပွားရာနေရာသို့ သွားရောက်လျက်ရှိကြောင်း ပြည်နယ်မီးသတ်ဌာနမှ အကြီးအကဲဖြစ်သူက ပြောကြားသည်။

ရဲတပ်ဖွဲ့နှင့် အစိုးရပိုင်သစ်တောလုပ်ငန်းများမှ ရဟတ်ယာဉ်များကို မေ ၂၉ ရက်တွင် ဖြစ်နိုင်ခြေရှိသည့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ အတွက် ကြိုတင်ပြင်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။

အရေးပေါ်ဝန်ဆောင်မှုလုပ်ငန်းများက မီးငြိမ်းသတ်ရေး၊ ဒေသခံများ၏ ဘေးကင်းရေးနှင့် မီးထိန်းချုပ်နိုင်ရေးအတွက် အရေးကြီးသည့် ကိစ္စရပ်များကို လုပ်ဆောင်လျက်ရှိသည်ဟု ဝန်ကြီးချုပ် ဒေါ်နယ် တပ်စ်က လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

စက်သုံးဆီ အကျပ်အတည်းကြောင့် ဩစတြေးလျပြည်သူများ ခရီးသွားလာမှုပုံစံပြောင်းလဲလာ

ဆစ်ဒနီ မေ ၂၉

ဩစတြေးလျနိုင်ငံ၌ မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် လောင်စာဆီဈေးမြင့်တက်မှုကြောင့် ခရီးသွားလာမှုအလေ့အထများ ကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲလာပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကွာဟချက်များနှင့် ငွေကြေးမည်မျှမှုကို ဖြစ်ပေါ်စေသည်ဟု မေ ၂၈ ရက်တွင် ထုတ်ပြန်သည့် လေ့လာမှုတစ်ခုအရ သိရသည်။

စက်သုံးဆီဈေးမြင့်တက်ပြီး လေးပတ်အကြာတွင် နိုင်ငံတစ်ဝန်းလူပေါင်း ၂၁၇၇ ဦးကို လေ့လာထားမှုအရ ဩစတြေးလျနိုင်ငံသား ၄၅ ရာခိုင်နှုန်းမှာ ၎င်းတို့၏ခရီးသွားလာပုံသွားလာမှုများ ပြောင်းလဲခဲ့ပြီး ၃၇ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို ပြောင်းလဲရန်စီစဉ်နေကြောင်း ဩစတြေးလျနိုင်ငံ၏ မိုနက်ရှ် တက္ကသိုလ်ကထုတ်ပြန်သည့် လေ့လာမှုအရ သိရသည်။

ဝင်ငွေနည်းပါးသည့်အုပ်စုမှာ အချိုးအစား မညီမျှစွာခံစားရပြီး ၈၅ ရာခိုင်နှုန်းမှာ ငွေရေးကြေးရေးအခက်အခဲနှင့် ကြုံတွေ့နေရသည်။ ၅၆ ရာခိုင်နှုန်းမှာမူ ငွေရေးကြေးရေးအခက်အခဲအောက်တွင် ရှိမနေကြောင်း လေ့လာမှုတွင် ဖော်ပြထားသည်။

ယေဘုယျအားဖြင့် လူငါးဦးလျှင် တစ်ဦးမှာ ခြေလျင်ခရီးသွားကြပြီး ငါးဦးလျှင် နှစ်ဦးမှာ အလုံးစုံခရီးသွားလာမှုကို လျှော့ချလိုက်ကြောင်း ဖော်ပြထားသည်။ လေ့လာမှုအရ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်လာချိန် ကိုယ်တိုင်သွားလာလှုပ်ရှားရသည့် သယ်ယူပို့ဆောင်ရေးပုံစံများကို လူများ ပိုမိုလက်ခံလာကြသည်ဟု တွေ့ရှိရသည်။

၆၂ ရာခိုင်နှုန်းမှာ လမ်းလျှောက်သွားလာရခြင်းကို ပိုမိုလိုလားသည်။ ၃၅ ရာခိုင်နှုန်းမှာ စက်ဘီးစီးခြင်းကို လိုလားပြီး ၂၇ ရာခိုင်နှုန်းမှာ လျှပ်စစ်စက်ဘီးကို ပိုမိုအသုံးပြုလိုကြောင်း တွေ့ရှိရသည်။

ဆင်ဟွာ

မွန်ဂိုလီးယားနိုင်ငံ၌ အာရှ တစ်ဦးချင်း စစ်တုရင် ချန်ပီယံရှစ် ပြိုင်ပွဲ ကျင်းပ

အူလန်ဘာတာ မေ ၂၉

မွန်ဂိုလီးယားနိုင်ငံမြို့တော် အူလန်ဘာတာ၌ အာရှတစ်ဦးချင်းစစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲကို မေ ၂၉ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

တရုတ်၊ အိန္ဒိယ၊ ဂျပန်တို့အပါအဝင် နိုင်ငံပေါင်း ၃၀ ဝန်းကျင်မှ အမျိုးသားပြိုင်ပွဲဝင် ၂၄၀ နှင့် အမျိုးသမီး ပြိုင်ပွဲဝင် ၃၀ တို့ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ အဆိုပါချန်ပီယံရှစ်ပြိုင်ပွဲသည် အာရှ စစ်တုရင် ချန်ပီယံများကို အဆုံးအဖြတ်ပေးရုံမျှမက ၂၀၂၆ ခုနှစ်အတွက် FIDE ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အရည်အချင်းပြည့်မီရေး လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။ အာရှတစ်ဦးချင်းစစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲကို ဇွန်လ ၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ဆင်ဟွာ**

နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။

နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၃) သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်းတို့ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

နေပြည်တော် မေ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဧရာင့်ထိန်းရန်တာဝန်ရှိသည့်အပြင် "နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်း တွင်တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ စာရင်းပေးသွင်းကြသည့် လူငယ်များအား ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၃) ၏ သင်တန်းဆင်းပွဲ အခမ်းအနားများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြရာ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီး ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၃) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား သင်တန်းကျောင်း ခန်းမများ၌ တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၃) မှ သင်တန်းသားများကို ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ရာ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို နိုင်ငံကြီးသားပီသစွာနှင့် ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၂၃) မှာ ရရှိခဲ့တဲ့ ဆုကတော့ စစ်သည်တော်ကျင့်ဝတ်ဆု ဖြစ်ပါတယ်။ ဒီဆုကို‌ရရှိဖို့အတွက် ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှု သင်ပြမှုအပါဝင် ကျွန်တော် ကိုယ်တိုင်အားစိုက်မှုတွေနဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၂၃)မှာ ကျွန်တော် ရရှိခဲ့တဲ့ အမှတ်တရအဖြစ်ဆုံးကတော့ ဒီဆုကို‌ရရှိခဲ့တဲ့ အချိန်ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ ကျွန်တော်ကျောင်းတက်တုန်းကလည်း အတန်းတွေမှာဆိုရင် ပထမဆု၊ ဒုတိယဆုတွေကို အကြိမ်ပေါင်းများစွာ ရရှိသူတစ်ယောက်ဖြစ်ပါတယ်။ တပ်မတော် အတွင်းမှာ ဒီဆုကို ရရှိခဲ့တဲ့ ခံစားရတဲ့ခံစားချက်နဲ့တော့ လုံးဝခြားနားပါတယ်။ အပြင်လောကမှာ ရရှိခဲ့တဲ့ ဆုတွေထက် ဒီဆုကို ရရှိတဲ့ အချိန်မှာ ရရှိတဲ့ခံစားချက်က အများကြီး သာလွန်ပါတယ်။ ဒီသင်တန်းမှာ ရောက်ရှိနေတဲ့ ညီအစ်ကိုတွေက ဘဝပေါင်းစုံ အလွှာပေါင်းစုံက လူတွေအများကြီး ရှိပါတယ်။ ဒီလူတွေနဲ့ သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံရတယ်။ အပြင်လောကမှာနဲ့ ဒီတပ်မတော် အတွင်းမှာနဲ့ နေထိုင်ရတာ အစစအရာရာမတူပါဘူး။ အပြင်လောကမှာ စည်းစနစ် သိပ်မရှိဘူး။ တပ်မတော်အတွင်းမှာက မနက် မျက်လုံးဖွင့်ချိန်ကစပြီး စည်းစနစ် ကျဖို့လိုတယ်။ အချိန်ကနဲ့သတ်ချက်ရှိတယ်။ တပ်မတော်မှာ One For All ဆိုတဲ့ စကားလုံး ရှိပါတယ်။ တစ်ယောက်မကောင်းဘူး ဆိုရင် အကုန်လုံး မကောင်းပါဘူး။ တစ်ယောက်ချင်းစီက ကောင်းမှ တပ်မတော်က ကောင်းမှာပါ။ ဒါကြောင့် ဒီအတွေ့အကြုံလေးတွေ ကျွန်တော်ရရှိခဲ့ပါတယ်။

၂။ သင်တန်းမှာ ရရှိခဲ့တဲ့ဆုကတော့ ချေမှုန်းရေးဆု ဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ထဲ ကောင်းလို့တော့ မရပါဘူး။ ချေမှုန်းရေးဆု ဆိုတာကတော့ ကိုယ့်နောက်လိုက် ရဲဘော်တွေ ကောင်းတာရယ် ဆရာကြီးတွေရဲ့ သင်ပြပေးတဲ့ နည်းစနစ်တွေကို လိုက်နာကျင့်သုံးပြီးမှ ဒီဆုကို ရရှိခဲ့တာပါ။ အများကြီးပြောင်းလဲလာပါတယ်။ ကျွန်တော်တို့ အပြင်မှာနေရင် စည်းကမ်းမရှိနေတာက များတယ်။ စားတယ်၊ သောက်တယ်။ အခုဒီမှာဆိုတော့ နေ့မထိုင်မှုနဲ့ အပြောအဆိုတွေကအစ စည်းနဲ့ကမ်းနဲ့ နေထိုင်ရတယ်။ ပြောရဆိုရတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ဘယ်လိုဆက်ဆံရတယ်ကအစ နည်းပြတွေက သင်ကြားဆုံးမတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူပါတယ်။ သင်တန်းဆင်းတော့ သင်ကြားပေးတဲ့ နည်းပြများ၊ သင်တန်းအတူ တက်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေနဲ့ ခွဲခွာရတော့ မယ့်အတွက်ကြောင့် ဝမ်းနည်းမိပါတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ပေးဖို့လိုတယ်လို့ ယုံကြည်ပါတယ်။ နောက်တက်ရောက်မယ့် ညီငယ်တွေကိုလည်း တိုင်းပြည်ကို ကာကွယ်ရန်အတွက် ပြည်သူ့စစ်မှုထမ်းကို လာရောက် ထမ်းဆောင် တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

သတင်းစဉ်

နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် မေလ ၂၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mya Thida Win 8811” TikTok အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၂) ရပ်ကွက်နေ မြသီတာဝင်း(ခ)ရှမ်းမအား ည ၆ နာရီ ၂၅ မိနစ်တွင် မတ္တရာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အဆိုပါ မြို့များ အရောက် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သမားများဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် သာသာရေးဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများ အား အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ဘိလပ်မြေသွပ်၊ သွပ်ရိုက်သံအစရှိသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ဒေသခံ ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင် သုံးပစ္စည်းများနှင့် ကျန်းမာရေး သုံးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သည် ယနေ့ တွင် ချင်းပြည်နယ် တီးတိန်မြို့မှ တစ်ဆင့် တွန်းဇံမြို့သို့ ရောက်ရှိကြောင်း သိရှိရသည်။

အဆိုပါ နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် လူသုံးကုန် ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များကို မေ ၂၅ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့မှ တပ်မတော်လေယာဉ်များဖြင့် ကလေးမြို့သို့လည်းကောင်း၊ မေ ၂၆ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့လည်းကောင်း၊ မေ ၂၇ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် တီးတိန်မြို့သို့လည်းကောင်း၊ ယနေ့ မေ ၂၉ ရက်တွင် တီးတိန်မြို့မှ တွန်းဇံမြို့သို့လည်းကောင်း အသီးသီး ပို့ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်၍ ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဖြင့် အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံး အနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများ အသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၁၅ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင် လေးထပ်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

မြို့နယ် သန့်လျင်အားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတို့တွင် ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံး လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း) တွင် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိ တောင်ငူတွင်လာပမြို့နယ် ပဒေသာအားကစားကွင်းတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ သန့်လျင်မြို့နယ် သန့်လျင် အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတွင် ကချင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိကြောင်း သိရသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

အိုဆာကာသည် ဒုတိယအဆင့်တွင် ခရိုအေးရှားထိပ်တန်းတင်းနစ်မယ် ဒွန်နာဗီကစ်နှင့် တွေ့ဆုံခဲ့ပြီး ၇-၆ (၇-၁)၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ တတိယအဆင့် တက်လှမ်းလာသူ ဖြစ်သည်။

ယိုစစ်ချွန်နှင့်အတူ ပြင်သစ်အိုးပင်းအမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ကေ့ကျူစ်ခ်၊ အန်ဒရေဗာ၊ ဘင်းဆစ်၊ စဗစ်တိုလီနာ၊ ပိုတာပိဗာ၊ ရှန်ကိုဒါ၊ အမ်ဘိုကို၊ ဆာဘယ်လင်ကာတို့ တက်ရောက်နိုင်ခဲ့သည်။

အောင်ဇော်

တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် မေ ၂၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/၈လ

ဒုတိယဝန်ကြီး ဦးမျိုးမြင့် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးခွဲ ဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးခွဲ ဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မိမိတို့ဌာနမှ တာဝန်ယူ ဆောင်ရွက်သော အဆောက်အအုံ၊ လမ်း၊ တံတားနှင့် မြို့ပြအိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တက်ညီလက်ညီ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန (၃)ထပ်ရုံး အဆောက်အအုံအား ရှေးမူမပျက် အကြီးစား ပြင်ဆင်ခြင်း လုပ်ငန်းခွင်နှင့် မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ်နှစ်လုံး တည်ဆောက်နေသည့် လုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘုတ်ပြင်းမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေး

ဘုတ်ပြင်း မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးပွဲကို ယနေ့တွင် မြို့နယ်သပြေခန်းမ၌ကျင်းပရာ ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးပြောကြားပြီး ဘုတ်ပြင်းမြို့မစခန်းမှူးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် ယာဉ်အန္တရာယ် ကင်းစင်ရေးနှင့် ပတ်သက်သည်များကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စလင်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

စလင်း မေ ၂၉

မကွေးတိုင်းဒေသကြီး စလင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်ကကျင်းပရာ မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ မောင်လွင်(စလင်း)

ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ စဉ့်ကိုင်မြို့နယ်၌ ကွင်းဆင်းကုသ

စဉ့်ကိုင် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးဒေါက်တာဇင်ဇင်သန်းဝေ ဦးဆောင်သော အထူးကုဆရာဝန်ကြီး ၁၀ ဦးနှင့် စဉ့်ကိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် အခမဲ့ နယ်လှည့်ကွင်းဆင်း ကျန်းမာရေး ကုသပေးခြင်း လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆေးကုသ ဆောင်ရွက်ပေးရာတွင် အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၂၆၈ ဦး စုစုပေါင်း ၃၆၀ အား သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး ကုသပေးနေမှုများအား စဉ့်ကိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်စွာ (စဉ့်ကိုင်)

အုတ်ဖိုမြို့၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

အုတ်ဖို မေ ၂၉

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ မေ ၂၇ ရက်က အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

အဆိုပါပညာပေးရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးက အမှာစကားပြောကြားပြီး အုတ်ဖိုမြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများ၏ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လွိုင်လင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

လွိုင်လင် မေ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လွိုင်လင်မြို့နယ်အတွင်းရှိ ဟွေမိ-ထီခဲကျေးရွာနှင့် စစ်စီကျေးရွာတို့တွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန ခရိုင်ရုံးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများက ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ စီကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး

မော်လမြိုင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

မော်လမြိုင် မေ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက် စိန်ခရင်း ဘုန်းကြီးကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ခြင်းကို ယနေ့တွင် ဆောင်ရွက်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ် ၂၅၆ ကတ်နှင့် UID ကတ်များကို တာဝန်ရှိသူများက လက်ဝယ် အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

ကျိုက်မရော၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ကျိုက်မရော မေ ၂၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အထက (ကျိုက်မရော) ကျောင်းခန်းမ၌ ပြုလုပ်ရာ ပြည်နယ် ကရင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကျော်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး (တာဝန်ခံ)က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ KG ကျောင်းဆောင် အသစ်ဆောက်လုပ်ရေးအတွက် ငွေကျပ် ၄၄၂ သိန်း လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)

စက်ရုံလွှင့်ထုတ် လေညစ်ပုပ် တောတွင်းသစ်ပင် အကုန်စုပ် တို့တွေရှူသွင်း လေသန့်ရှင်း မခြွင်းရမှာ တောကသာ

ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၉

နေပြည်တော်ပုဗ္ဗသီရိမြို့နယ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောနိုင်က အမှာစကားပြောကြားသည်။

အောင်ကို(ပုဗ္ဗသီရိ)

ဘီးလင်းမြို့ မီးခိုးမြူငွေ့လျော့ချရေး အသိပညာပေးဟောပြော

ဘီးလင်း မေ ၂၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျော့ချရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘီးလင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းအောင်ကျော်ဦးက မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။

မြို့နယ်(ပြန်/ဆက်)

မအူပင်မြို့၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များထုတ်ပေး

မအူပင် မေ ၂၉

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ထုတ်ပေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှာစကား ပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူးက ဌာန၏ လုပ်ဆောင်ချက်များကို ရှင်းလင်းဆွေးနွေးကာ တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များအား တောင်သူများ လက်ဝယ် အရောက် ထုတ်ပေးခဲ့ကြသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

မိတ္ထီလာမြို့နယ်၌ Capacitor Bank တပ်ဆင်ခြင်း ဆင့်ပွားသင်တန်းဖွင့်

မိတ္ထီလာ မေ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ Capacitor Bank တပ်ဆင်ခြင်းလုပ်ငန်းအကြောင်း ဆင့်ပွားဆွေးနွေးပွဲကို မေ ၂၇ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ ကျင်းပရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)မှ ဦးယဉ်ထွန်းလွင်နှင့် အထွေထွေမန်နေဂျာ(စီမံရေး) တို့က Capacitor Bank တပ်ဆင်ခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အကြောင်းအရာများကို ဆွေးနွေးသည်။

အဆိုပါ ဆင့်ပွားသင်တန်းကို မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း မြို့တို့မှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ အငယ်တန်းအင်ဂျင်နီယာ (၂) များနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ရေဖြူမြို့နယ်၌ မျိုးစေ့ချက်ရိယာစိုက်ပျိုးနည်းပညာ သင်တန်းဖွင့်

ရေဖြူ မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ယမန်နေ့တွင် မျိုးစေ့ချက်ရိယာ စိုက်ပျိုးနည်းပညာပေးသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းက ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီတွင် မျိုးစေ့ချက်ရိယာ အသုံးပြု၍ မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် မိုးစပါးတစ်ဧက အထွက်နှုန်းတိုးလာခြင်း၊ ကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စိုက်ပျိုးရေး

ဆိုင်ရာနည်းစနစ်ကောင်းများကို လိုက်နာကျင့်သုံး ဆောင်ရွက်စေရေး ရှင်းလင်းဆွေးနွေး သင်ကြားပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ပေး

ချောင်းဆုံ မေ ၂၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျေးရွာများ၌ မြို့နယ်ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အရင်းမပျောက် မတည်ရန်ပုံငွေများ ချထားပေးလျက်ရှိရာ မေ ၂၇ ရက်က ဝယ်ကူးကျေးရွာ၊ ကမန်းကျေးရွာနှင့် ခေါင်းရပ်အနောက်ကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ပေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများကို ဝယ်ကူးကျေးရွာရှိ ဒေသခံ ၁၄၃ ဦးအား ငွေကျပ် ၇၄၇ သိန်း၊ ကမန်းကျေးရွာမှ ဒေသခံ ၁၃၇ ဦးအား ငွေကျပ် ၅၇၂ သိန်း၊ ခေါင်းရပ်အနောက်ကျေးရွာမှ ဒေသခံ ၁၅၅ ဦးအား ငွေကျပ် ၇၆၅ သိန်း စုစုပေါင်း ငွေကျပ် ၂၀၈၄ သိန်းကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

မိုင်းခတ်မြို့နယ်၌ ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မိုင်းခတ် မေ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံ ပညာအထက်တန်းကျောင်း(မိုင်းခတ်)နီလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နန်းနွယ်နီ(ပြန်/ဆက်)

ကော့သောင်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကော့သောင်း မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရဲပြက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ၊ နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ယနေ့ နံနက်ပိုင်းတွင် ကျောင်းဥပမရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် သစ်ပင်ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှုပါမြင့်(ပြန်/ဆက်)

ဒဂ္ဂိဏာသီရိမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဝေလွှံထွေးဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၂၆ ရက်က ဆောင်ရွက်စဉ်။

အောင်သူရဦး(ဒဂ္ဂိဏာ)

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးအကြံပေးလုပ်ငန်းများကို မေ ၂၈ ရက်က ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့
ကြေညာချက်
(၂၀၂၆ ခုနှစ်၊ မေ လ ၂၉ ရက်)

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ကျပ်၁၀၀၀၀၀တန် ထိစာအုပ် ဝယ်ယူခွင့်ရရှိသူများမှ ပဋိညာဉ်စာချုပ်ချုပ်ဆို၍ ထိစာအုပ်တစ်အုပ်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ၃လစာအတွက် မိမိ ဝယ်ယူခွင့်ရရှိသည့် ထိစာအုပ်အရေအတွက်အလိုက် အာမခံငွေ (Deposit)များ ပေးသွင်းစေခဲ့ပါသည်။

၂။ အဆိုပါ သဘောတူစာချုပ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက်သာ အကျုံးဝင်သည်ဖြစ်ပါသဖြင့် ထိဝယ်ယူခွင့်ရရှိသူများနှင့် ချုပ်ဆိုထားသည့် အာမခံငွေ(Deposit)များအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဗဟိုအရောင်းဌာနစိတ်တွင် ဝယ်ယူခဲ့သော ထိစာအုပ်များ အပေါ် အာမခံငွေ (Deposit) ပေးသွင်းထားသည့် ချလန်(မူရင်း/မိတ္တူ) ၊ စာချုပ် (မူရင်းခွဲ) ၊ မှတ်ပုံတင် ၊ အိမ်ထောင်စုစာရင်း(မူရင်း/မိတ္တူ)များနှင့်အတူ ထိ လုပ်ငန်းရှင်ကိုယ်တိုင် ကျပ် ၃၀၀/-တန် တံဆိပ်ခေါင်းကပ် လျှောက်လွှာ တင်သွင်း၍ (၁ - ၆ -၂၀၂၆) ရက်နေ့မှ (၃၀ - ၆ -၂၀၂၆)ရက်နေ့အတွင်း အောင်ဘာလေသိန်းဆုဌာနခွဲ ငွေစာရင်းဌာနစုတွင် လာရောက်လျှောက်ထား ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot-1 တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်	ရေတာရှည်မြို့နယ်ရုံးဆောက်လုပ်ခြင်း (၂)ထပ် (၇၀' x ၃၀' x ၂၄')
(ခ) Lot-2 တောင်ငူခရိုင်၊ ဖြူးမြို့နယ်	ဖြူးမြို့နယ်ရုံးအသစ် ဆောက်လုပ်ခြင်း(၂)ထပ် (၇၀' x ၃၀' x ၂၄')
(ဂ) Lot-3 ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်	ပေါက်ခေါင်းမြို့နယ်ရုံး အစည်းအဝေးခန်းဆောင်သံကွန်ကရစ်တည်ဆောက်ခြင်း (၁)ထပ် (၈၀' x ၃၀' x ၁၂')
(ဃ) Lot-4 ညောင်လေးပင်ခရိုင်	ညောင်လေးပင်ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ခြင်း (၂)ထပ် (၃၄' x ၃၆') RC

၂။ တင်ဒါလျှောက်လွှာရောင်းချမည့် နေ့ရက် - (၁ - ၆ - ၂၀၂၆) ရက်နေ့မှ (၁၅ - ၆ - ၂၀၂၆) ရက်နေ့ထိ
တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်နှင့်အချိန် - (၁၆ - ၆ - ၂၀၂၆) ရက်နေ့ (၁၆:၀၀) နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၃။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/ အဖွဲ့အစည်း ကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ထံလိပ်မူ၍ (၁၆-၆-၂၀၂၆)ရက်နေ့ (၁၆:၀၀) နာရီအချိန် နောက်ဆုံးထားပြီး ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ရှိ တင်ဒါပုံးအထွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၅၂-၂၂၀၈၃၇သို့ ဖုန်းဆိုအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇) ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းနှင့်အခြားအသုံးစရိတ် ခွင့်ပြုရန်ပုံငွေတို့ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး /ပြည်နယ်/ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန်လိုအပ်သော **ဓာတ်ခွဲခန်းသုံးပစ္စည်းများ။ အခြားရုံးသုံးစက်ပစ္စည်းများနှင့် အခြားလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို** မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ဆောင်ရွက်လိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- (၁-၆-၂၀၂၆) ရက်
တင်ဒါပိတ်သိမ်းမည့်ရက်နှင့် အချိန်	- (၁၆-၆ -၂၀၂၆) ရက် ညနေ (၀၄ : ၃၀) နာရီ
တင်ဒါတင်သွင်းရန်နေရာ	- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စဝယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ကြေငြာသင်ပုန်းကွင်းပါရှိသည့် ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ဖုန်း -၀၆၇၃-၄၀၃၈၅၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းအထူးအဖွဲ့ (၆) ၊ ဝန်ယန်းခရိုင်နှင့် ဟိုပန်ခရိုင်တို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်(ဒေသလုံးဒေသ/ပြင်ပထိန်း) ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဒီဇယ်ဆီ၊ ကျောက်ရှယ်စုံ၊ သဲ နှင့် အခြားလုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်စဉ်	- (၂/၂၀၂၆-၂၀၂၇)
၁။ တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်	- ၄-၆-၂၀၂၆ ရက်၊ (ကြာသပတေးနေ့) မှ ၁၀-၆-၂၀၂၆ ရက်၊ (ဗုဒ္ဓဟူးနေ့)အထိ နံနက် (၉:၃၀) နာရီမှ ညနေ (၁၆:၃၀) နာရီအထိ (ရုံးချိန်အတွင်း)
၂။ တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ	- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၆)၊ လမ်းဦးစီးဌာန၊ လားရှိုးမြို့၊ ဖုန်း- ၀၉-၄၂၈၆၅၇၅၆ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၊ ဖုန်း- ၀၉-၈၀၉၂၅၀၄၆၂
၃။ တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၁-၆-၂၀၂၆ ရက်၊ (ကြာသပတေးနေ့) ညနေ (၁၆:၃၀) နာရီ
၄။ တင်ဒါဖွင့်မည့်ရက်/အချိန်	- ၁၂-၆-၂၀၂၆ ရက်၊ (သောကြာနေ့) နံနက် (၉:၃၀) နာရီ
၅။ တင်ဒါစီစစ်ရွေးချယ်မည့်နေရာ	- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၊ ဖုန်း- ၀၉-၈၀၉၂၅၀၄၆၂

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စီစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပြည်ထောင်စုတိုးချဲ့ရပ်ကွက်သစ်၊ မြင်းခြံကားလမ်းမတော်ရှိ မြေကွက်အမှတ်-(၃၈၇)၊ အလျားxအနံ ပေ(၅၀x ၇၀)အကျယ်ရှိ တပ်ကြပ်အေးလွင်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဂျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါစန်းစန်းဌေး (၉/မထလ(နိုင်)၀၂၆၃၃၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါစုစုငြိမ်း (၁၂/ဥကတ(နိုင်)၀၈၁၄၈၁)သည် ပြန်လည်ဝယ်ယူရန် အတွက် ၄ငါးအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါစန္ဒာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၂၉)
ရုထပ(၁)၊ မိတ္ထီလာမြို့။ ၀၉-၆၈၈၄၆၈၄၃၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/26111, TVS DAZZ-110 ယာဉ်အမည်ပေါက်သူ ဒေါ်နန်းလှလှဝင်း ၁၃/လရန(နိုင်)၀၃၆၇၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကည်နု၊
တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/52716, NEW ANBO-125 ယာဉ်အမည်ပေါက်သူ ဒေါ်ဝိုးဇာခြည်ဝင်း ၁၃/သပန(နိုင်)၀၂၉၇၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကည်နု၊
တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ဓောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 48W/92909 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည်နု၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

အလိမ္မာ စာမှာရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
ဧရေှ့ကာလ်လွှဲခေါ်ယူခြင်း
ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၆
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ မေ ၀၁ ၂၉ ရက်)

၁။ ပို့ဆောင်ရေးနေရာကြီးငှာန ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) နေပြည်တော်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့(ရန်ကုန်ရုံး၌)အမှတ်(၆၅)အရေအလမ်းမော့တာညွှန့်ရပ်ကွက်တာမြေမြို့နယ် (သို့မဟုတ်)တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာပယ်ဖျက်ခဲ့သူ **၂၉-၆-၂၀၂၆** ရက်နေ့နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့်ပေးပို့လျှောက်ထားနိုင်ပါသည်-

(က) ပို့ဆောင်ရေးဝန်ကြီးဌာန

ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
မြန်မာ့မီးရထား	ဆရာဝန်	၃ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)

(ခ) ကျန်းမာရေးဝန်ကြီးဌာန

စဉ်	ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁)	ကုသရေး ဦးစီးဌာန	ဆရာဝန် (သင်္ချာလွှဲ)	၁၂၇ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
		ဆရာဝန် (သွားဒဏ်ဆိုင်ရာ)	၄၂ နေရာ	သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)
(၂)	အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန	ဦးစီးအရာရှိ (အစားအသောက်)	၆ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
		ဦးစီးအရာရှိ (ဆေးဝါး)	၃ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
		ဦးစီးအရာရှိ (ဆေးပစ္စည်း/ အလှူကုန်)	၄ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
		ဦးစီးအရာရှိ (ဓာတ်ခွဲ)	၂ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)

(ဂ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရာထူး	လစ်လပ်	ပညာအရည်အချင်း
ဆရာဝန်	၁၄ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)
ဌာနဆိုင်ရာ ဦးစီးအရာရှိ (ဆရာဝန်)	၁ နေရာ	ဆေးပညာဘွဲ့(M.B.,B.S.)

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနအတွက် လျှောက်ထားသူများသည် **၂၉-၆-၂၀၂၆** ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်**အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊**
(ဂ) နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် လျှောက်ထားသူများသည် **၂၉-၆-၂၀၂၆** ရက်နေ့တွင် **ပြင်ပပုဂ္ဂိုလ်အသက် (၃၅)နှစ် (ဝန်ထမ်း ဖြစ်ပါကအသက် ၄၀နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်၊**
(ဃ) ဆေးပညာဘွဲ့(M.B.,B.S.) ၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S)နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့် အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ/သခ)ကိုင်ဆောင်ထားသူ(သို့မဟုတ်)အလုပ်သင်ဆရာဝန်ပြီးမြောက်သူများအနေဖြင့် လျှောက်ထားခဲ့ချိန်တွင် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်၊
(င) ကုသရေးဦးစီးဌာန၊ဆရာဝန်(သင်္ချာလွှဲ/သွားနှင့်ခံတွင်း)ရာထူးအတွက်လျှောက်ထားသူများသည်-
-စတင်တာဝန်ထမ်းဆောင်သည့် ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်း လိုအပ်ချက်ရှိသော ဆေးရုံမှအားသို့ နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
-ဆေးပညာဖဟသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်၊
(စ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(အစားအသောက်/ဆေးဝါး/ဆေးပစ္စည်း/ အလှူကုန်/ဓာတ်ခွဲ)ရာထူးများအတွက် လျှောက်ထားသူများသည်-
-အသားတင်လုပ်သက်(၃)နှစ်ပြည့်အောင်နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
-လုပ်သက်(၃)နှစ်ကာလအတွင်းအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်သက်ဆိုင်သောဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲကိုသာ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းအောင်မြင်ပြီးနောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အနည်းဆုံးလုပ်သက်(၃)နှစ်ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဆ) **ကြော်ငြာပါလစ်လပ်ရာထူးများအတွက် လျှောက်ထားသူများအနက် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်၊**
(ဇ) ကျန်းမာရေးဝန်ကြီးဌာနအတွက် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်းထောက်ခံစာဖြင့် လျှောက်ထားသူများသည် အလုပ်သင်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပို့ချိန်တွင် (ဆမ / သခ) ထုတ်ပေးရန် ထောက်ခံချက်ပေးမည်ဖြစ်ပါသည်၊
(ဈ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

၃။ အထက်စာပိုဒ်(၁)ပါ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနအတွက် နိုင်ငံဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၀ နည်းဥပဒေခွဲ(ဇ)အရ ရာထူးမှ ထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမထုတ်ပယ်ခံရသူများ လျှောက်ထားလာပါကလက်ခံရယူလိုခြင်းရှိပါကြောင်းဖော်ပြထားပါသည်။

၄။ **ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက နိုင်ငံဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်း(အထူး)သင်တန်းများသို့ လက်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများမှ နိုင်ငံဝန်ထမ်းသစ်များအဖြစ် ဦးစွာခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။**

၅။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့်အသေးစိတ်အချက်အလက်များကို အခိုန်ရီမီသိရှိလိုပါက **Myanmar National Portal-www.myanmar.gov.mm**တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင်မပြင်းလင်းသည့်များမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းဧရိယာလုံးလုံးဆိုင်ရာနေရာဒေသခွဲ၊ ခရိုင်ဦးစီးဌာနများ၊ ခရိုင်ဆေးကုသခွင့်လိုင်စင်ဆေးရုံ ဦးစီးဌာနများ၊ ခရိုင်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများ၊ ခရိုင်ဆေးပစ္စည်းလှူကုန်ဦးစီးဌာနများ၊ ခရိုင်ဓာတ်ခွဲဦးစီးဌာနများ၊ ခရိုင်ဆေးရုံများ၊ ခရိုင်ဆေးပေးခန်းများ၊ ခရိုင်ဆေးပေးခန်းခွဲများ၊ ခရိုင်ဆေးပေးခန်းခွဲများ၊ ခရိုင်ဆေးပေးခန်းခွဲ

ကုန်အမှတ်တံဆိပ်အမှတ်အသား‌ကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃) လမ်း၊ အမှတ် (၆၅)နေ့ ခေါ်သက်မွန်ဖြိုး (၁၁) ဦးတင်သောင်း (၁၂/ကမတ(နိုင်) ၀၉၇၀၀၈)သည် HAIR TREND salon တံဆိပ်အမည် အမှတ်အသား‌ကို ရန်ကုန်မြို့ စာရွက်စာတမ်းမှတ်ပုံတင်ရုံး၌ (၇-၁၀-၂၀၂၄) ရက်တွင် စာရွက်စာတမ်းမှတ်ပုံတင် အမှတ် စဉ်(၃၀၅၅၄) ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီး ဖြစ်ပါသည်။

HAIR TREND
salon

စာရွက်စာတမ်းမှတ်ပုံတင်အမှတ် (စဉ်(၃၀၅၅၄)/၂၀၂၄)

အထက်ပါ အမှတ်တံဆိပ်ဖြင့် အလှပြုပြင်ရေးလုပ်ငန်းအား ရန်ကုန်မြို့နှင့် တကွ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဆိုင်ခန်းများ ဖွင့်လှစ်ဆောင်ရွက် အသုံးပြုသွားရန် သွားမည်ဖြစ်ပါသည်။

